# ရွှေကျင်ဆရာတော်

ဒါယကာတို့၏ သဒ္ဓါတရား ပျက်ပြားစေမှုဆိုင်ရာ

အဆုံးအဖြတ်

# ကုလဒူသကဝိနိစ္ဆယ

၂၄၃၃၄

ရွှေကျင်နိကာယဂဏသမုဋ္ဌာပက

# ပထမ ရွှေကျင်ဆရာတော်ဘုရားကြီး

၏

# ကုလဒူသက ဝိနိစ္ဆယကျမ်း

ဒါယကာတို့၏ စေတနာသဒ္ဓါတရား
ပျက်ပြားစေမှုဆိုင်ရာ အဆုံးအဖြတ်

နှင့်

# ကောသလအိပ်မက် ၁၆ ချက်

နောက်ဆက်တွဲ

---

[ဤကျမ်းစာကို ရတနာပုံမ် နေပြည်တော်
မင်းတုန်းမင်းတရားကြီးဏ ဦးစွာပဌမ
ဓမ္မဒါန ပြုခဲ့သည်။]

ပထမအကြိမ်

၁၉၉၄-ခု၊ နိုဝင်ဘာလ

အုပ်ရေ-၂၀၀၀

--

စာမူခွင့်ပြုချက် ၂၀၆/၉၄ (၉)

အဖုံးခွင့်ပြုချက် /၉၄ (၁၀)

--

အဖိုး-၁၂ ကျပ် (ဓမ္မဒါန)

မျက်နှာဖုံးပန်းချီ-ဆွေမြင့်

--

ပုံနှိပ်/ထုတ်ဝေ ။ ။ ဦးသန်းဝင်း၊ ကျော် ပုံနှိပ်တိုက် (၀၃၆၀၂) ၂၃၉၊ ခေမာသီလမ်း၊ ၁၃-ရပ်ကွက်၊ မ/ဥက္ကလာပ က ရိုက်နှိပ်၍ ဦးမိုးကြည် မိုးကြည်စာပေ (၀၉၅၀) ၃၀၇ (က)၊ ၇-ရပ်ကွက်၊ ဖျာပုံလမ်း၊ ဒဂုံမြောက်၊ ရန်ကုန်မြို့က ထုတ်ဝေသည်။

# အစီရင်ခံပါသည်

ကျွန်တော်သည် အသက် ၅၀ ကျော်လာသောအခါ စာပေသမားပီပီ ဓမ္မ(တရားစာပေ)ဘက်သို့ အနည်းငယ် ယိမ်းလာပါသည်။ စာပေလည်း အဖတ်အရှုများလာပါ သည်။

ယင်းသို့ရှိရာမှ အများ သိသင့် သိထိုက်၊ ဖတ်သင့် ဖတ်ထိုက်သော စာဟောင်း ပေဟောင်း စာကောင်း ပေကောင်း များကို ဆူရာရွေးချယ်၍ ကျွန်တော်နှင့် အလွန်ပင် ရင်းနှီး ခင်မင်သော ဓမ္မမိတ်ဆွေများနှင့် ပူးပေါင်းကာ ဝေယျာ ဝစ္စ ကုသိုလ်မျှဝေယူလိုပါသည်။

၁၉၉၁ ခုနှစ်တွင် ရွှေကျင်နိကာယဥပဥက္ကဋ္ဌ အဂ္ဂမဟာ ပဏ္ဍိတ ညောင်တုန်းစံကျောင်းဆရာတော်၏ "ယထာဘူတ ဝိနိစ္ဆယ" ကျမ်းကိုလည်းကောင်း။

၁၉၉၂ ခုနှစ်တွင် ယောမင်းကြီး ဦးဖိုးလှိုင်၏ "နိဗ္ဗာန်" စာအုပ်ကိုလည်းကောင်း။

၁၉၉၃ ခုနှစ်တွင် အမရပူရ မဟာဂန္ဓာရုံဆရာတော်၏ "အနာဂတ် သာသနာပြုပြင်ရေး တရားတော်" စာအုပ်ကို လည်းကောင်း။

၁၉၉၄ ခုနှစ်တွင် ပထမရွှေကျင်သာသနာပိုင် ရွှေကျင် ဆရာတော်ဘုရားကြီး၏ ယခု "ကုလဒူသက ဝိနိစ္ဆယကျမ်း" ကိုလည်းကောင်း သာသနာတော် သန့်ရှင်း တည်တံ့ ခိုင်ခံ့ ပြန့်ပွားရေးအထူးရည်သန်၍ ထုတ်ဝေဖြန့်ဖြူးခဲ့ပါသည်။

ရှေ့တွင်လည်း နှစ်စဉ်နှစ်တိုင်း သာသနာတော်ကြီး အတွက် အဖိုးအနဂ္ဃ ထိုက်တန်သော အနှစ်သာရရှိသော စာအုပ်များ ၁ နှစ် တစ်အုပ် ထုတ်ဝေ ဖြန့်ဖြူးသွားရန် ရည်သန်ရင်းစွဲ ရှိပါသည်။

ကျွန်တော်နှင့်အတူ ကုသိုလ်ယူကြသော ခင်မင်လေးစား အပ်သော ဓမ္မမိတ်ဆွေများအားလည်း အထူး ကျေးဇူး ဥပကာရ တင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။ ဓမ္မမိတ်ဆွေများ၏ စာရင်းကိုလည်း စာအုပ် နောက်ပိုင်း တွင် ဖော်ပြထားပါသည်။ ဤကျမ်းစာ "အမှာမိတ်ဆက်" ချီးမြှင့်တော်မူသော မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် (ရွှေကျင်နိကာယဗဟိုဌာန)သရက်တော ဝါးတန်းကျောင်း အရှင် ပဏ္ဍဝ အားလည်း ကျေးဇူးတင် ဦးခိုက်ပါကြောင်း တင်ပြအပ်ပါသည်။

မေမြို့မိုးကြည်

၁၊ ၁၁၊ ၉၄

# မိတ်ဆက် အမှာစာ

ကုလဒူသဏ၀ိနိစ္ဆယကျမ်းစာသည် ရွှေကျင်နိကာယဂဏ သမုဋ္ဌာပကာ ရွှေကျင်ဆရာတော်ဘုရားကြီး လက်ရာ ဖြစ်၏။ ယင်း ကျမ်းစာကို ရွှေကျင်နိကာယ စာပေ ထိန်းသိမ်းရေး အဖွဲ့က နှေ့ရော ညပါ လိုက်လံရှာဖွေနေသဲ ကျမ်းစာတစ်ဆူ ပင်ဖြစ်၏။

ရွှေကျင်ဆရာတော်ဘုရားကြီး ပြုစုခဲ့သော ကျမ်းစာရင်း မှာ (၁၃၄)ကျမ်းတိတိ ဖြစ်၏။ ယင်းကျမ်းစာတို့ကို တွေ့ ရှိပြီးစာ (၇၅)ကျမ်း၊ ရှာဖွေနေသဲကျမ်းစာ(၅၉)ကျမ်း ဖြစ်၏။

ကျမ်းပေါင်း ၁၃၄ ကျမ်းထဲမှာ ဤကုလဒူသဏ၀ိနိစ္ဆယ ကျမ်းသည် အပါအ၀င် ကျမ်းတစ်ဆူပင် ဖြစ်၏။ ကုလဒူ- သဏ ၀ိနိစ္ဆယဆိုသော နာမည်တူကျမ်းစာ ၂ စောင် ကုန်း ဘောင်ခေတ်ထဲမှာ ပေါ်ပေါက်ခဲ့ကြ၏။

# အမှာစာ

ကျမ်းစာရှင်များကား ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဆရာရင်းဖြစ်တော်မူသော သီးလုံးဆရာတော်ဘုရားကြီးနှင့် ရွှေကျင်ဆရာတော်ဘုရားကြီးတို့ ဖြစ်ကြ၏။

သီးလုံး ဆရာတော် ဘုရားကြီး၏ ကုလဒူသကဝိနိစ္ဆယ ကျမ်းစာ ဖြစ်ပေါ်လာပုံမှာ—

ဆလည်ရှိမြို့ သခ်နီးကျောင်းနေ ဂုဏ်းအုပ် ဆရာတော် ရှင်အဂ္ဂါသဘက သီးလုံးဆရာတော်ဘုရားကြီးထံ-

''ရဟန်းသာမဏေတို့သည် အနုစမာသဝတ္ထုကို ပေး၍လည်းကောင်း၊ မအပ်သော ဝေါဟာရစကားဖြင့် ဖျင်ပုဆိုး စသည်တို့ကိုပေး၍ လည်းကောင်း၊ မှင်ဟင်းသပြဒါး စသည်တို့ဖြင့် ကိုယ်, လက် အစရှိလည်တို့၌ တို့၍ မှင်ဟင်းသပြဒါး အစရှိသည်တို့သည် ရှိရစ်ချေသည်။ နိဿဂ္ဂိယဝတ္ထုရှိရစ်လျှင် နိဿဂ္ဂိအာပတ်သင့်၍ နေသည်၊ ဆိုရမည်ကိုလည်း မသိနိုင်ပါ။ နိဿဂ္ဂိအာပတ်သင့်လျှင်လည်း နိဿဂ္ဂိအာပတ်မှ လွတ်အောင် မကြံနိုင်ပါဘုရား''

ဟု လျှောက်ဆိုချက်ကို အကျယ်တဝင့် ဖြေကြားထားသော ''ကုလဒူသကဝိနိစ္ဆယ''ကျမ်းစာတစ်စောင် ပေမူနှင့် မန္တလေးမြို့ ဝိဇ္ဇာသိပ္ပ တက္ကသိုလ် စာကြည့်တိုက်မှာ တွေ့ရှိခဲ့ရ၏။ ယင်းပေမူမှာ စာကြည့်တိုက် ပေစာအမှတ် ၂၄၀၊

၃-အင်္ဂါနှင့် ၁၁ ရှိပြီး ၁၂၂၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်၊ တနင်္ဂနွေနေ့ ရေးကူး ပြီးစီးကြောင်း ဖော်ပြထား၏။

ဤ ကုလဒူသကဝိနိစ္ဆယက ဘုရင်မင်းမြတ် (မင်းတုန်းမင်း)ကိုယ်တိုင် အထူးထူးကျမ်းတို့မှ ထုတ်နုတ်ပြီး ရေးသားရန် ရွှေကျင်ဆရာတော်ကိုလျှောက်ထားချက်အရ ရေးသားခဲ့သော ကျမ်းစာတစ်စောင် ဖြစ်၏။

ယင်း ကျမ်းစာကို ရေးသားပြီး မြန်မာနိုင်ငံတော်၌ ဘုရင်မင်းမြတ်က ဓမ္မဒါနအဖြစ် လှူဒါန်းခဲ့ကြောင်းကား–

''ယခုအခါ အမှတ်မထင် လွန်ကျူးကျော်နင်းကြသဖြင့် အားနည်း၍ တိမ်ကောပြီးသော ရှုပ်ယှက်ဂဗ္ဘဟ ရှုပ်ယှည်ဝေါဟာရ ကယဉ်ကွ ကုလဒူသန အသေသနီ အစရှိသော သိက္ခာပုဒ်တို့ကို အထူးထူး ကျမ်းဂန်တို့မှ ထုတ်နုတ်၍ ရေးစေပြီးလျှင် တစာတော်ဓာ ဓမ္မဒါနလှူဒါန်းပါသည်''

ဆိုသည်ကို ထောက်၍ သိရ၏။

ရွှေကျင်ဆရာတော်ဘုရားကြီးသည် အမရပူရခေတ် စာသင်သားတစ်ဦး ဖြစ်ခဲ့၏။ မင်းတုန်းမင်းသားလေး ဘဝ

တုန်းက ခင်မှင်ရင်းနှီးခဲ့သော ဆရာတော်ပင်။ သဲအင်းကျောင်းထွက် သဲအင်း၊ သာသနာပိုင် ဆရာတော်ကြီးထံ ကျိုးကျိုးနွံ နွံ ပညာဗဟုသုတရှာမှီးခဲ့သော ရွှေကျင်ဆရာတော်ကြီး၊ ဖြစ်၏။ အသက်ငယ်ငယ်ရွယ်ရွယ်နှင့် သဲအင်း သာသနာပိုင်ထံ ရောက်ရှိလာသော အမှုတို့ကို ဝိနိစ္ဆယချအပ်ခြင်း ခံခဲ့ရသော ရွှေကျင်ဆရာတော်၊ သို့အတွက် ဤကုလဒူ-သတဝိနိစ္ဆယကျမ်းစာတွင် ဆေးလိပ်သောက်မှုနှင့် ပတ်သက်ပြီး သူ၏ကျေးဇူးရှင် သဲအင်းဆရာတော်၊ သက်ကယ်ကျင်း ဆရာတော်တို့ကို ကိုးကား၍ ကန့်ကွက်ထားကြောင်း တွေ့ရှိရ၏။

ယင်းကျမ်းစာကို မင်းတုန်းမင်းက''ဓမ္မဝိနယပြန်တမ်း'' စာစောင် ပြန့်ချိခဲ့ရခြင်းကို အားမရ၍ ထပ်မံ ပြန့်ချိခဲ့သော စာစောင်လောဟု သံသယဖြစ်မိ၏။

ဤကျမ်းစာ၏ ရေးသား တင်ပြပုံတို့မှာ ရှင်းရှင်းလင်းလင်းရှိလှ၏၊ ရဲရင့်ပြတ်သားလှပေ၏၊ မည်သူ့မျက်နှာကိုမျှ မထောက်၊ မိမိကိုယ်တိုင်က အမှန်တကယ် မကျင့်လျှင် ယင်း ရေးသားပုံပုံစံမျိုး မရေးတန်ရာ။

ဓမ္မဝိနယပြန်တမ်းသည် နိုင်ငံတော်၌ မင်းတုန်းမင်းက သာသနာ့ပြုစာတမ်းအဖြစ် ပြန့်ချိခဲ့ကြောင်း ထင်ရှားခဲ့၏။ ကုလဒူသတဝိနိစ္ဆယကျမ်းစာကို မင်းတုန်းမင်း ကိုယ်တိုင်က

မြန်မာနိုင်ငံတော်၌ ဖြန့်ချိခဲ့ကြောင်း အထင်အရှားမတွေ့ရ သော်လည်း လက်လှမ်းမီသူ ဓမ္မဒါန ပြုခဲ့ကြောင်းကား ထင်ရှား၏။

ဤကျမ်းစာ၏ စာကိုယ်ထဲတွင်—

"မြို့ရွာနိဂုံး ဇနပုဒ်မှစ၍ နိုင်ငံတော်အတွင်း၌ သိတင်း သုံးနေကြကုန်သော ရဟန်း သံဃာတော်အပေါင်း သူတော် သူမြတ်တို့သည်၊ ငါတို့ သာသနာ ဒါယကာတော် ရေမြေ သခင် လူတို့မင်းသည် ငါတို့ကို နှိပ်စက် ညှဉ်းဆဲ ပင်ပန်း ကျဉ်းမြောင်း ဆင်းရဲစေလိုသောကြောင့် ဆိုသည် မဟုတ် ပေ။ ငါတို့ကို လွန်စွာ သနားကြင်နာ စုံမက်လှသော ကြောင့် လည်းကောင်း၊

သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရား သာသနာတော်၌ အလွန့်ယုံကြည် လေးမြတ်ကြည်ညိုလှသောကြောင့် လည်းကောင်း၊ ငါတို့ အား အရဟတ္တဖိုလ် နိဗ္ဗာန် အဆုံးရှိသော လောကီလော- ကုတ္တရာ ကောင်းကျိုးချမ်းသာ အပေါင်းကို ပြီးစေခြင်းငှာ သာ ဆိုပေသည်" ဟူ ပါရှိလေ၏။

ယင်းတို့ကို ထောက်ဆ၍ မင်းတုန်းမင်းကိုယ်တိုင် ဓမ္မ ဒါနအဖြစ် လှူဒါန်းခဲ့ကြောင်း၊ ရှေ့ကျောင်းဆရာတော်ဘုရား ကြီး၏ လက်ရာဟုဆိုရန် သဲအင်းသာသနာပိုင်၊ သက်ဆိုင်

ကျောင်းဆရာတော်ကြီးတို့၏ အယူအဆ ကိုးကားထားခြင်းကပင် ထင်ရှား၏။

ရွှေကျင်ဆရာတော် ဘုရားကြီး ကိုယ်တော်တိုင် တည်ထောင်ဦးစီးခဲ့သော ရွှေကျင်ဂိုဏ်းကြီး၊ ရွှေကျင်ဂိုဏ်းသား၊ သံဃာတို့ မလိုက်နာ မနေရ၊ ရွှေကျင်ဂိုဏ်းကျင့်ထုံးဥပဒေကြီးထဲမှာ သပြည့်လကွယ် သံဃာ့ဥပုသ်ပြုသောအခါတွင်—

“ပါတိမောက်ပြန်သည့်အခါ ညောင်းညာပင်ပန်းခြင်းစသော ထနည်းငယ်သော အကြောင်းကို အကြောင်းပြုသဖြင့် အကျဉ်းသဘော မပြဘဲ အခါပယ်သိမ်း အကျယ်ဝိတ္ထာရ ပြခြင်း” ဆိုသော ဥပဒေသနှင့် ဤကဲ့လဒ္ဓိသတ ဝိနိဿယကဲမှာ ထို့အတူ ထည့်သွင်းခြင်းကို ထောက်ဆ၍ ရွှေကျင်ဆရာတော်၏ လက်ရာဟု အခိုင်အမာ ဆိုချင်၏။

ကျမ်းစာ၏ စာကိုယ်ထဲမှာ ပါဠိစာသားများ ကိုးကားပြီး ပုဂ္ဂိုလ်တိုင်း နားလည် လွယ်အောင် မြန်မာစကားပြေ သက်သက်နှင့် ရေးသား ထားပုံသည် ခေတ်မီလှသည်ဟု ဆိုရမည်။

မှီငြမ်း ကိုးကားထားသော ပါဠိစာသားကို ကျမ်းဂန်ကြီး အသွယ်သွယ်နှင့် တိုက်ဆိုင်ကြည့်ရှုလိုက်သော် ကျမ်းပေါင်း (၂၈) ကျမ်းတိတိ တွေ့ရှိရ၏။

မည်သို့ပင်ဆိုစေ၊ ဤကုလဒူသကဝိနိစ္ဆယကျမ်းစာသည် ရွှေကျင်ဆရာတော်ဘုရားကြီး၏ သာသနာပြုကျမ်းစာ တစ်စောင်ဟု ဆိုရမည်သာတည်း။ ။

ဦးပဏ္ဍဝ

ဝါးတန်းကျောင်း
မဟာဝိသုဒ္ဓါရုံတိုက်သစ်
(ရွှေကျင်နိကာယ ဗဟိုဌာန)
မန္တလေးမြို့။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။



# ကုလဒူသက ဝိနိစ္ဆယ

အလုံးစုံသော သတ္တဝါ အပေါင်းတို့၏ ကောင်းကျိုးချမ်းသာကို အခါမပြတ် တောင့်တလျှော်ရှိသော တပည့်တော် သာသနဒါယကာ တကာတော် မင်းကြေးရာဇ်သည် နိုင်ငံတော်အတွင်း၌ သီတင်းသုံး နေကြကုန်သော ရဟန်းသံဃာတော် အပေါင်းတို့၏ အကျိုးစီးပွားကို အထူးသဖြင့် ရွက်ဆောင်လိုသည်ဖြစ်၍ ကြံဆင်ခြင်သည်ရှိသော် အလဇ္ဇီတို့၏ အမှုအရာ ဒုစာရိတ္တ အကျင့်ယုတ်မှ ကြဉ်ရှောင်စေ၍ လဇ္ဇီပေသလ သိက္ခာကာမ သူတော်ကောင်းတို့၏ အလေ့အကျင့် သီလဝန္တအဖြစ်၌ တည်စေသည်မှတစ်ပါး ရဟန်းတို့အား ချမ်းသာသုံးပါးကို ရခြင်း၏ အကြောင်းမည်သည် အခြားတရား မရှိပြီဟု တကာတော် ဉာဏ်အားထင်၍ ထို ရဟန်းသံဃာ သူတော်သူမြတ်တို့အား အရဟတ္တဖိုလ်နိဗ္ဗာန်တိုင်အောင် လောကီလောကုတ္တရာ ကောင်းကျိုးချမ်းသာကို ရွက်ဆောင်လိုသည် ဖြစ်၍လည်းကောင်း၊ အတီတသတ်မင်း ကာလာသောကမင်း သီရိဓမ္မာသောကမင်း အစရှိသော ရှေးရှေးသော သာသနာပြုမင်းတို့ကဲ့သို့ သဗ္ဗညုမြတ်ဗုဒ္ဓဘုရား သာသနာတော်မြတ်ကို အလွန်အကြူး မထူး

တွန်းလင်း၊ စည်ပင်အောင် သုတ်သင်ချီးမြှင့် ပြုစုခြင်းကိစ္စကို ရွက်ဆောင်လိုသည် ဖြစ်၍လည်းကောင်း၊

လဇ္ဇီပေသလ သိက္ခာကာမ ဝိနယကုက္ကုစ္စက မာတိကာဓရ ဝိနယဓရ ဗဟုသုတ သုတဓရ သုတသန္နိစ္စယ အာဂမာဓိဂမဖြစ်သော ပုဂ္ဂိုလ်ကျော် မထေရ်မြတ်တို့ကို ဝေါင်းပန့်၍ ပါဠိအဋ္ဌကထာ ကျမ်းဂန် ထင်မှူးရှိလျက် ယခုအခါ အမှတ်မထင် လွန်ကြူး ကျော်နင်းကြသဖြင့် အားနည်း၍ တိမ်ကောပြီးသော ရူပိယ ပဋိဂ္ဂဟ ရူပိယ သံဝေါဟာရ ကယဝိက္ကယ ကုလဒူသန အနေသန အစရှိသော သိက္ခာပုဒ်တို့ကို အထူးထူးသော ကျမ်းဂန်တို့မှ ထုတ်နုတ်၍ ပေးစေပြီးလျှင် ဟာကာဒတော်တ ဓမ္မဒါနလှူဒါန်းပါသည်။

မြို့ရွာနိဂုံး ဇနပုဒ်မှစ၍ နိုင်ငံတော်အတွင်း၌ သီတင်းသုံးနေကြကုန်သော ရဟန်းသံဃာတော်အပေါင်း၊ သူတော်သူမြတ်တို့သည် ငါတို့ သာသနာဒါယကာတော် ရေမြေသခင် လူတို့မင်းသည် ငါတို့ကို နှိပ်စက်ညှဥ်းဆဲ ပင်ပန်း ကျဥ်းမြောင်း ဆင်းရဲစေလိုသောကြောင့် ဆိုသည် မဟုတ်ပေ၊ ငါတို့ကို လွန်စွာ သနားကြင်နာ စုံမက်လှသောကြောင့်လည်းကောင်း၊

သဗ္ဗညုမြတ်စွာဘုရား သာသနာတော်၌ အလွန်ယုံကြည်လေးမြတ် ကြည်ညိုလှသောကြောင့်လည်းကောင်း၊ ငါတို့အား အရဟတ္တဖိုလ် နိဗ္ဗာန် အဆုံးရှိသော ဓောခကီ လောကုတ္တရာ ကောင်းကျိုးချမ်းသာ အပေါင်းကို ပြီးစေခြင်းငှာသာ ဆိုပေသည်။

ငါတို့သည်လည်း ရှင်ပြုစကာလကပင် 'သကလဝဋ္ဋဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ' စသော ပါဠိဖြင့် အလုံးစုံသော သံသရာတည်းဟူသော ဝဋ်ဆင်းရဲမှ ထွက်မြောက်ရာဖြစ်သောနိဗ္ဗာန်ကို မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် လျင်မြန်စွာ မျက်မှောက်ပြုရပါလို၏ဟု ဆုတောင်းခဲ့၏။

သင်္ကန်းဝတ်ပြီး၍လည်း 'သံသာရဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံယာစာမိ' ဟူသော ပါဠိဖြင့် သံသရာ ဝဋ္ဋဒုက္ခမှ ထွက်မြောက်ပါရခြင်းအကျိုးငှာသော ရှင်အဖြစ်ကို တောင်း၍ သရဏဂုံကို ယူခဲ့သည်။

တစ်ဖန် ရဟန်းပြုစဉ်ကာလ၌လည်း....

'သံဃံ ဘန္တေ ဥပသမ္ပဒံ ယာစာမိ၊ ဥလ္လုမ္ပတုမံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ'ဟူသော ပါဠိဖြင့် သံသရာတည်းဟူသော ညွန်အိုင်မှ တုတ်ဆယ်၍ နိဗ္ဗာန်တည်းဟူသော ထိုမှာဘက်ကမ်းသို့ ပို့ဆောင်ကယ်တင်တော်မူပါဟု သံဃာတော်အပေါင်းတို့ကို တောင်းပန်၍ ရဟန်း ပြုလာခဲ့သည်။ သို့လာခဲ့သည်နှင့်အညီ ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်း၏ အကြောင်းဖြစ်သော လဇ္ဇီ သူတော်ကောင်းတို့၏ အကျင့်သီလကို အဟုတ်အဟတ် အားထုတ်၍ ကျင့်ရမည်ဟူသော ယောနိသော မနသိကာရ အသင့်အားဖြင့် နှလုံးသွင်းမိကြကုန်သည်ဖြစ်၍ ဘုရားသခင် သာသနာတော်၌ လွန်စွာ ယုံကြည်ခြင်း သဒ္ဓါ၊ လွန်စွာကြည်ညိုခြင်း ပသာဒ၊ လွန်စွာ နှစ်သက်ခြင်း ပီတိ၊ လွန်စွာ မြတ်နိုးခြင်း မာနန၊ လွန်စွာ

ရှိသေခြင်း သက္ကစ္စ၊ လွန်စွာလေးမြတ်ခြင်း ဂါရဝ၊ တရား ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဖြစ်စေအပ်သော ကာယကံ ဝစီကံဖြင့်–

'အဏှု မတ္တေသု ဝဇ္ဇေသု ဘယ ဒဿာဝီ သမာဒါယ သိက္ခတိ သိက္ခာပဒေသု'ဟူသော ပါဠိနှင့်အညီ အဏုမြူမျှ လောက်သောအပြစ်တို့ကို မြင့်မိုရ်တောင်ထက်မက ကြီးစွာ သော ဘေးဟု ရှုလေ့ရှိသည်ဖြစ်၍လည်းကောင်း။

ပါတိမောက္ခံ ပိသောမေဓ္တော၊
အပ္ပေဝ ဇီဝိတံ ဇဟေ။
ပညတ္တံ လောကနာထေန၊
န ဘိန္ဒေ သီလ သံဝရံ။ ။

ဟူသော ဂါထာပါဠိနှင့်အညီ အသက်ကိုသော်လည်း စွန့်အံ့၊ လောကနာထ မြတ်စွာဘုရားသည် ပညတ်တော်မူ အပ်သော သိက္ခာပုဒ်ကို အဏုမြူမျှ မပျက်စေအံ့ ဟူသော သမ္မာဆန္ဒ ရှိသည်ဖြစ်၍လည်းကောင်း။

ကိကီဝ အဏ္ဍံ စမရီဝ ဝါလဓိံ
ပိယံဝ ပုတ္တံ နယနံဝ ဧကကံ၊
တထေဝသီလံ အနုရက္ခ မာနကာ၊
သုပေသလာ ဟောထ သဒါ သဂါရဝါ။ ။

ဟူသော ဂါထာပါဠိနှင့်အညီ ကိကီအမည်ရှိသော ငှက်မသည် မိမိ အသက်ကို စွန့်၍ အဥကို စောင့် ရှောက်ဘိသကဲ့သို့ လည်းကောင်း၊ စာမရီ အမည် ရှိသော သားသည် မိမိအသက်ကိုစွန့်၍ အမြီးဆံ ကို စောင့်ရှောက်ဘိသကဲ့သို့လည်းကောင်း၊ ချစ်လှ

စွာသောသားငယ်တစ်ယောက်သာရှိသောအမိသည် ထိုသားကို ကောင်းစွာ စောင့်ရှောက် သကဲ့သို့ လည်းကောင်း၊ မျက်စိတစ်လုံးသာ ရှိသောသူသည် ထိုမျက်စိကို ရှိသေစွာ စောင့်ရှောက်သကဲ့သို့ လည်းကောင်း။

ထို့အတူ အခါခပ်သိမ်း သီလကိုသာ စောင့်ရှောက်ကုန်သည်ဖြစ်၍ သီလကိုသာ ချစ် မြတ် နိုးကုန်သည်ဖြစ်၍ သီလကိုသာ ရိုသေလေးမြတ်ကုန်သည် ဖြစ်၍ ကျင့်ရပေမည်ဟု အားထုတ်အပ်သော အာရဒ္ဓဝီရိယရှိသည်ဖြစ်၍ စာတော်၌ ပါသော တိမ်ကောပြီးဖြစ်သော သိက္ခာပုဒ် တို့ ကို ကား ကျောင်းနေ့ပုဂ္ဂိုလ်တိုင်း နှုတ်တက် အာဂုံဆောင်၍ မချွတ်မယွင်း ကျင့်ဆောင်တော် မူကြစေကုန်။

ထို့မှတစ်ပါး စာတော်၌မပါ မတိမ်ကောသေးသော ဝိနည်း ပိဋကတ်၌လာသော အလုံးစုံသော သိက္ခာပုဒ်တို့ကို လည်း ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင် ရိုသေစွာ ကျင့်ကြစေကုန်သတည်း။

ဘုရားသခင်သာသနာတော်၌ ကြည်ညို၍ ရဟန်းပြုကုန်သော သဒ္ဓါ သဗ္ဗဇိတ အာစာရကုလ ပုတ္တ အမျိုးကောင်းသား ဖြစ်ကုန်သော ရဟန်း သာမဏေတို့သည်...

ယော ပန ဘိက္ခု ဇာတရူပ ရဇတံ ဥဂ္ဂဏှေယျ ဝါ ဥဂ္ဂဏှာ ပေယျ ဝါ ဥပနိက္ခိတ္တံ ဝါ သာဒိယေယျ နိဿဂ္ဂိယံ ပါစိတ္တိယံ၊ ဟု ဟောတော်မူသောကြောင့် ရွှေငွေ ကဟာ

ပဉ္စမာသကဟု ဆိုအပ်သော လေးပါးသော နိဿဂ္ဂိယ
ဝတ္ထုတို့ကိုလည်းကောင်း၊ ပုလဲ ပတ္တမြား ကျောက်မျက်ရှဲ ခရု
သင်း ကျောက်သလင်း သန္တာ ပတ္တမြားနီ ပတ္တမြားပြောက်၊
စပါးမျိုး ၇-ပါး၊ ကျွန်မိန်းမ၊ ကျွန်ယောကျာ်း၊ နွား ကျွဲ
ခွေး ကြွက် ဝက် လယ်ယာ ပန်းအရာမ် သစ်သီးအရာမ်အစရှိ
ကုန်သော ဒုက္ကဋ်ဝတ္ထုတို့ကိုလည်းကောင်း၊ ရှာမှီးခြင်း
ခံခြင်း၊ အနီး၌ထားသည်ကို သာယာခြင်း၊ သိမှီး သိမ်း
ဆည်းခြင်းကို မပြုအပ်ကုန်။

ယော ပန ဘိက္ခု နာနပ္ပကာရကံ ရူပိယ သံဝေါဟာရံ
သမာပဇ္ဇေယျ နိဿဂ္ဂိယံ ပါစိတ္တိယံ။

ဟောတော်မူသောကြောင့် ဆိုအပ်ပြီးသော လေးပါး
သော နိဿဂ္ဂိယဝတ္ထုချင်းချင်း ရောင်းဝယ်ဖလှယ်ခြင်း၊
နိဿဂ္ဂိယဝတ္ထုဖြင့် ပုလဲ ပတ္တမြား စသော ဒုက္ကဋ်ဝတ္ထုတို့ကို
ရောင်းဝယ်ဖလှယ်ခြင်း၊ နိဿဂ္ဂိယဝတ္ထုဖြင့် ဆွမ်း ဆန် ဖျင်
ပုဆိုး စသော ကပ္ပိယဝတ္ထုတို့ကို ရောင်းဝယ် ဖလှယ်ခြင်းတို့
ကို မပြုအပ်ကုန်။ ပုလဲ ပတ္တမြားစသော ဒုက္ကဋ်ဝတ္ထု ချင်း
ချင်း ရောင်းဝယ်ဖလှယ်ခြင်း၊ ထိုဒုက္ကဋ်ဝတ္ထုတို့ဖြင့် ရွှေငွေ
စသော နိဿဂ္ဂိယဝတ္ထုတို့ကိုလည်းကောင်း၊ ဆွမ်း ဆန်
ဖျင် ပုဆိုး သပိတ် သင်္ကန်းစသော ကပ္ပိယဝတ္ထုတို့ကို လည်း
ကောင်း၊ ရောင်းဝယ်ဖလှယ်ခြင်းကို မပြုအပ်ကုန်၊ ဆွမ်း ဆန်
ဖြင့် ပုဆိုး စသော သမဏပရိက္ခရာတို့ကို ရောင်းချ၍ ရွှေ ငွေ
သော နိဿဂ္ဂိယဝတ္ထုတို့ကို လည်းကောင်း၊ ပုလဲ ပတ္တမြား

စသော ဒုက္ကဋ္ဌဝတ္ထုတို့ကိုလည်းကောင်း ခံယူခြင်းကိုမပြုအပ်ကုန်။

ယော ပန ဘိက္ခု နာနပ္ပကာရကံ ကယဝိက္ကယံ သမာပဇ္ဇေယျ နိဿဂ္ဂိယံ ပါစိတ္တိယံ။

ဟောတော်မူသောကြောင့် ဆွမ်း ဆန် ဖျင် ပုဆိုး သပိတ် သင်္ကန်း စသော ကပ္ပိယဝတ္ထုတို့ဖြင့် ခဝါသည် စသော လူတို့နှင့် ကွမ်းအစ် ထုံးဘူး ကွမ်းညှပ် ကပ်ကြေး ကန့်ကူတံ ပရပိုက် စသော ကပ္ပိယဝတ္ထုချင်းချင်း ရောင်းဝယ်ဖလှယ်ခြင်းတို့ကို မပြုအပ်ကုန်။

ကယ ဝိက္ကယသိက္ခာပုဒ်၌ ကပ္ပိယ ဝေါဟာရကို သိနိုင်ခက်သောကြောင့် အလိုရှိလျှင်ကပ္ပိယကာယကို လဲလှယ်စေရမည်။

ကုလ ဒူသကော တိ ကုလာနိ ဒူသေတိ ပုပ္ဖေန ဝါ ဖလေန ဝါ စုဏ္ဏေန ဝါ မတ္တိကာယ ဝါ ဒန္တကဋ္ဌေန ဝါ ဝေဠုယာ ဝါ ဝေဇ္ဇိကာယ ဝါ ဇင်္ဃ ပေသနိကေန ဝါ။

ဟူ၍ ဘုရား ဟောတော်မူသောကြောင့် ပန်းပေးခြင်း၊ သစ်သီးပေးခြင်း၊ ကုက္ကိုမှုန့်ပေးခြင်း၊ မြေညက်ပေးခြင်း၊ တံပူပေးခြင်း၊ ဝါးပေးခြင်း၊ သလုံးမြင်းခေါင်းဖြင့် ဒါယကာတို့၏ အစေအပါးကို ခံခြင်းဟုဆိုအပ်သော ရှစ်ပါးသော ကုလဒူသကအမှုတို့ကို မပြုအပ်ကုန်။

နေ ဝိသတိ ဝိဓံ အနေသနံ နိဿာယ ဇီဝိတံ ကပ္ပေတိ။ သေယျထိဒံဝေဠုဒါနံ ပတ္တဒါနံ ပုပ္ဖဒါနံ ဖလဒါနံ ဒန္တကဋ္ဌ

ဒါနံ မုခေါဒကဒါနံ သိနာနဒါနံ စုဏ္ဏဒါနံ မတ္တိကာဒါနံ စာတုကမျတံ မုဂ္ဂသူပျတံ ပါရိဘဋျတံ ဇင်္ဃပေသနိကံ ဝေဇ္ဇကမ္မံ ဒူတကမ္မံ ပဟိဏဂမနံ ပိဏ္ဍပဋိပိဏ္ဍံ ဒါနာနုပ္ပဒါနံ ဝတ္ထုဝိဇ္ဇံ နက္ခတ္တဝိဇ္ဇံ ခေတ္တဝိဇ္ဇံ အင်္ဂဝိဇ္ဇန္တိ။

ဟောတော်မူသောကြောင့် ဝါးပေးခြင်း၊ သစ်ရွက်ပေးခြင်း၊ သစ်ပွင့်ပေးခြင်း၊ သစ်သီးပေးခြင်း အစရှိသော နှစ်ဆယ့်တစ်ပါးသော အနေသနဖြင့် အကျိုးဝင်သော လူတို့ကို ထမင်းကျွေးခြင်း၊ မုန့်ပဲပေးခြင်း၊ ကွမ်းဆေးတည်ခြင်း နေရာခင်း၍ အရိုအသေပြုခြင်း၊ ဗေဒင်ဟောခြင်း၊ ဆေးကုခြင်း၊ ဆွေမျိုးမတော် မဖိတ်မပင့်အပ်သော လူတို့ထံ ဆွမ်း သင်္ကန်းစသော ပစ္စည်းတို့ကို ဝစီဝိညတ် ပရိယာယ် ဩဘာသနိမိတ်ပြု၍ ရှာမှီးခြင်း၊ လူငယ်သူငယ်ကိုကို စေလွှတ်၍ ကွမ်း ဆေး ဆီ ဆားတို့ကို ခံစေခြင်း အစရှိသော အမှုတို့ကို မပြုအပ်ကုန်။

ယာပန အာဇီဝဟေတု ပညတ္တာနံ ဆန္နံ သိက္ခာ ပဒါနံ ဝီတိက္ကမဿကုဟနာလ ပနာ နေမိတ္တကတာ နိပ္ပေသိကတာ လာဘေန လာဘံ နိဇိဂီသနတာတိ ဧဝမာဒီနဉ္စ ပါပဓမ္မာနံ ဝသေန ပဝတ္တာ မိစ္ဆာဇီဝါ ဝိရတိ၊ ဣဒံ အာဇီဝ ပါရိ သုဒ္ဓိသီလံ။

ဟူ၍ အဋ္ဌကထာဆရာမိန့်တော်မူသောကြောင့် အသက်မွေးခြင်းတည်းဟူသော အကြောင်းကြောင့် ပညတ်တော်မူအပ်သော ခြောက်ပါးသော သိက္ခာပုဒ်တို့ကို လွန်ကြူးသောသူ၏ အစွမ်းအားဖြင့် လှည့်ဆောင်း၊ အံ့ဩစေ၍

လာဘ်ကို ရှာမှီးခြင်း၊ ပစ္စည်းရခြင်း၏ အကြောင်းကို ပြောဆို၍ လာဘ်ကို ရှာမှီးခြင်း၊ ဒါယကာတို့အား ပစ္စည်းလှူခြင်းငှာ အမှတ်ကို ဖြစ်စေတတ်သော ကာယကံ ဝစီကံကိုပြု၍ လာဘ်ကို ရှာမှီးခြင်း၊ ဒါယကာတို့၏ ကျေးဇူးကိုခြေ၍ လာဘ်ကို ရှာမှီးခြင်း၊ ရအပ်ပြီးသော အနည်းငယ်သော လာဘ်ကို ပေးသဖြင့် မရသေးသော များစွာသော လာဘ်ကို တောင့်တ၍ ရှာမှီးခြင်း ဤသို့ အစရှိကုန်သော ယုတ်မာကုန်သော သဘောတရားတို့၏ အစွမ်းဖြင့်လည်းကောင်း ဖြစ်သော မိစ္ဆာဇီဝမှ ကြဉ်၍ စင်ကြယ်စွာ အသက်မွေးခြင်းကို ပြုအပ်၏။

န ဘိက္ခဝေ တိရစ္ဆာန ဝိဇ္ဇာ ပရိယာ ပုဏိတဗ္ဗာ ယော ပရိယာ ပုဏေယျ အာပတ္တိဒုက္ကဋဿ။

န ဘိက္ခဝေ တိရစ္ဆာန ဝိဇ္ဇာ ဝါစေတဗ္ဗာ၊ ယော ဝါ စေယျ အာပတ္တိ ဒုက္ကဋဿ။

ဤသို့ ဘုရားဟောတော်မူသောကြောင့် မဂ်ဖိုလ်၏ ဖီလာပြုတတ်သော တိရစ္ဆာနဝိဇ္ဇာ၌ အတွင်းဝင်သော အတတ်မျိုးတို့ကို သင်လည်း မသင်အပ်၊ သူတစ်ပါးတို့အား လည်း မပြသအပ်၊ ထိုအမှုကိုလည်း မပြုအပ်၊ မဂ်ဖိုလ်၏ ဖီလာ တိရစ္ဆာနဝိဇ္ဇာ၌ အတွင်းဝင်သော အတတ်ဟူသော် ကား....

တိရစ္ဆာန ဝိဇ္ဇာန္တိ ယံကိဉ္စိ ဗာဟိရကံ အနတ္ထသံဟိတံ ဟတ္ထိအဿရထ ထရုသိပ္ပ အာထဗ္ဗဏ ခိလနဝသီကရဏ

သော သာပနမန္တာ ဂဒပ္ပ ယောဂါဒိတော် ပရှပဃာတ
ကာံရုံဝိဇ္ဇာ ။

ဟူ၍အင်္ဂကထာဆရာဖွင့်တော်မူသောကြောင့် သာသနာ
တော်မှအပဖြစ်သော မဂ်ဖိုလ်တည်းဟူသော လောကုတ္တရာ
အကျိုးစီးပွားနှင့် မစပ်ယှဉ်သော အတတ်သည် လည်း
ကောင်း၊ ဆင်စီး မြင်းစီ ရထားစီးအတတ် ဆင်ရှိသော
အလုံးစုံသောအတတ်မျိုးတို့သည်လည်းကောင်း။ တိရစ္ဆာန
ဝိဇ္ဇာ မည်ကုန်၏။

ထိုအတတ်မျိုးတို့တွင် ''ယံကိဉ္စိ ဗာဟိရကံ အနတ္ထသံဟိ
တံ'' ၏ အရဖြစ်သော အင်္ဂရိတ်အတတ်၌ အသုံးအပြတ်ကား
ကြေးငွေမပါ သစ်မြစ် သစ်ရွက်စသော ဆေးတို့ဖြင့်သော
ပြဒါးသေခြင်း ပြဒါးပြကျခြင်း ပြဒါးခဲခြင်း စသော
အတတ်မျိုးတို့ကိုလေ့လည်း မလေ့ကျင့်အပ်။ သူတစ်ပါးတို့
အားလည်း မပြမသအပ်။ လုပ်လည်း မလုပ်အပ်၊ လေ့ကျက်
သော သူသည် လည်းကောင်း၊ ပြသသောသူသည်လည်း
ကောင်း၊ ထိုအမှုကိုပြုလုပ်စီရင်သောသူသည်လည်းကောင်း၊
ခွန်းတိုင်း ခွန်းတိုင်း ပယောဂတိုင်း ပယောဂတိုင်း ဒုက္ကဋ်
အာပတ် သင့်ကုန်၏။

ငွေနှင့် ကြေးကိုစပ်၍ စပ်တူအင်္ဂရိတ်လုပ်ကုန်သောသူတို့
သည်ကား လုပ်စရာငွေကို ခံကတည်းကပင် နိဿဂ္ဂိယပါစိတ်
အာပတ်သင့်၏။ ခဲ ကြေးနီတို့ကို ငွေနှင့်စပ်၍ စဉ်းလဲသော

အင်္ဂုရိယ်ငွေကို သုံးဆောင်သောအခါ ခိုးခြင်း နှစ်ဆယ့်ငါး ပါးတို့တွင် "ထေယျာဝဟာရ"၌အတွင်းဝင်သော "ကူဋ ကဟာပဏာဝဟာရ"ဖြင့် ဆုံးဖြတ်အပ်၏၊ ကြေးနီ ငါးကျပ် လောက် ငွေမွှမ်းထင်စေ၍သုံးလျှင် ပါရာဇိကအာပတ်ဖြင့် ဆုံး ဖြတ် အပ် ၏ ဟူ လိုသည်။ ထို့ကြောင့် လဇ္ဇီ ကုက္ကုစ္စက သိက္ခာကာမ ရဟန်းကောင်းတို့သည် ထိုအင်္ဂုရိယ်အမှုကို ပြုအံ့ဟူသော စိတ်ကိုမျှ မဖြစ်စေအပ်ဟူလို။

ထိုးကွင်းလက်ဖွဲ့ ခလဲ့ အင်းအိုင် ဓားပြီးလုံပြီး ဒုတ်ပြီး ထိတ်ကျွတ် မျက်နှာပွင့်အစရှိသော အလုံးစုံသော အတတ် မျိုးတို့သည်လည်း မင်္ဂဖိုလ်၏ဖီလာ တိရစ္ဆာနဝိဇ္ဇာ လောကာ ယတကျမ်း၌ အတွင်းဝင်သောကြောင့် ရဟန်းတို့၏ အမှု မဟုတ်သော အတတ်မျိုးတို့ချည်းတည်း။

ထို့ကြောင့် ထိုအတတ်မျိုးတို့မှ လဇ္ဇီသူတော်ကောင်း တို့သည် ဝေးစွာ ကြဉ်ရှောင်အပ်ကုန်၏။ ထိုအတတ်ကိုမှီ၍ ရသော ပစ္စည်းကို သုံးဆောင်သောသူအား မိစ္ဆာဇီဝ ဖြစ်၏။

န ဘိက္ခဝေ ယာနေန ယာယိတဗ္ဗံ၊
ယောယာ ယေယျ အာပတ္တိ ဒုက္ကဋဿ၊
အနုဇာနာမိ ဘိက္ခဝေ ဂိလာနဿ ယာနံ။

ဟူ၍ ဟောတော်မူသောကြောင့် ခွင့်ပြုတော်မူအပ်သော အနာရှိသည်ကိုကြည့်၍ မနာမဖျားသော ရဟန်းသာမဏေ တို့သည် ပေါင်းချုပ်ရထား လှည်းထမ်းစင် သံလျှင်း ပဆိုး သံလျှင်း အစရှိသော ယာဉ်တို့ကို မစီးအပ်ကုန်။

န ဘိက္ခဝေ ဥပါဟနေန ဂါမေ ပဝိသိတဗ္ဗံ
ယော ပဝိသေယျ၊ အာပတ္တိဒုက္ကဋဿ။

ဟူ၍လည်းကောင်း-

အနုဇာနာမိ ဘိက္ခဝေ၊ ဂိလာနေန
ဘိက္ခုနာ သဥပါဟနေန ဂါမေ ပဝိသိတုံ၊
ယဿပါဒါဝါ ဖာလိတာ ပါဒ ခိလာ
ဗာဓော ပါဒါဝါ ဓုကွာ။

ဟူ၍လည်းကောင်း၊ ဟောတော်မူသောကြောင့် ခြေကွဲခြင်း၊ ခြေအသားစွန်းထွက်၍ နာခြင်း၊ အလွန် မြေကြမ်းခြင်း၊ အလွန် ပူခြင်းတို့၏ အစွမ်းဖြင့် ဖြစ်သော ခြေဆင်းရဲခြင်းဟု ဆိုအပ်သော ခွင့်ပြုတော်မူအပ်သော အကြောင်း မရှိဘဲ ဖိနပ်စီး၍ ရွာတွင်းသို့ မဝင်အပ်။ ခွင့်ပြုတော်မူအပ်သော အနာတည်းဟူသော အကြောင်းရှိသည်ဖြစ်၍ ဖိနပ်စီးကုန်သော ရဟန်းတို့သည်လည်း....

န ဘိက္ခဝေ သဗ္ဗနီလကာ ဥပါဟနာ ဓာရေတဗ္ဗာ
န သဗ္ဗ လောဟိတိကာ န သဗ္ဗ မဉ္ဇိဋ္ဌိကာ၊
န သဗ္ဗ ကဏှာ၊ န သဗ္ဗ မဟာရင်္ဂရတ္တာ၊
န သဗ္ဗ မဟာနာမရတ္တာ၊ ဥပါဟနာ ဓာရေတဗ္ဗာ၊
ယော ဓာရေယျ အာပတ္တိ ဒုက္ကဋဿ။

ဟူ၍ ပါဠိတော်၌ လာသောကြောင့် ဘုရားအလိုတော်သိသော လက်သန်း အဋ္ဌကထာဆရာ ဓမ္မသိရိ မဟာထေရ်မြတ်သည် ခုဒ္ဒသိက္ခာကျမ်း၌-

သဗ္ဗနီလကာ ဩဒါတာ၊ ပီတလောဟိတ ကဏှတာ။
မဟာရင်္ဂ မဟာနာမ၊ ရင်္ဂရတ္တာ ဥပါဟနာ။

ဟူသော ဂါထာဖြင့် အလုံးစုံဖြူသော ဖိနပ်ကိုလည်း အနုလောမအားဖြင့်အကာပ္ပိယဉ္စ သွင်းတော်မူသောကြောင့် လည်းကောင်း၊ အလုံးစုံဖြူသော ဖိနပ်၊ အလုံးစုံ ညိုသော ဖိနပ်၊ အလုံးစုံ ရွှေသောဖိနပ်၊ အလုံးစုံ နီသောဖိနပ်၊ အလုံးစုံ မောင်းသော ဖိနပ်၊ အလုံးစုံ မည်းသော ဖိနပ်၊ အလုံးစုံ တင်းခြေမျှား ကျောက်ကုန်းအဆင်းနှင့်တူသောဖိနပ်၊ အလုံး စုံ ဖျော့တော့သော အဆင်းရှိသော ဖိနပ်တို့ကို အချင်း ခပ်သိမ်း မစီးအပ်ကုန်။

န ဘိက္ခဝေ နီလ ဗဒ္ဓိကာ ဥပါဟနာ ဓာရေတဗ္ဗာ
နပီတက ဗဒ္ဓိကာ၊ န လောဟိတက ဗဒ္ဓိကာ
နမဉ္ဇဋ္ဌ ဗဒ္ဓိကာ နကဏှ ဗဒ္ဓိကာ နဟာရင်္ဂ
ရတ္တဗဒ္ဓိကာ န မဟာနာမရတ္တ ဗဒ္ဓိကာ ဥပါဟနာ
ဓာရေတဗ္ဗာ၊ ယော ဓာရေယျ အာပတ္တိ ဒုက္ကဋဿ။

ဟု ပါဠိတော်၌လာသောကြောင့် လူတို့ အသုံးအဆောင်နှင့်တူသော သာမဏသာရုပ္ပ မဖြစ်သော အညို အရွှေ အနီ အမောင်း အမည်း ကင်းခြေမျှား ကျောက်ကုန်း အဆင်း ဖျော့တော့သောအဆင်း ရှိသော အသည်းကြိုးတတ်သော ဖိနပ်တို့ကို အချင်းခပ်သိမ်း မစီးအပ်ကုန်။

န ဘိက္ခဝေ တာလပတ္တ ပါဒုကာ ဓာရေတဗ္ဗာ၊
န ဝေဠု ပတ္တ ပါဒုကာ၊ န တိဏ ပါဒုကာ၊

န ကမ္ဗလေ ပါဒုကာ ဓာရေတဗ္ဗာ၊ ယော ဓာရေယျ အာပတ္တိ ဒုက္ကဋဿ။

စသည်ဖြင့် ဟောတော်မူသောကြောင့် ထန်းပလပ်၊ ကွမ်းသီးဖက်၊ ဝါးဖတ်၊ မျက်ကောဇော ကမ္ဗလာ စသည် ခံသော ဖိနပ်မဟုတ် ခြေနင်း မည်ကုန်၏။ ထိုခြေနင်းတို့ကို-

န ဘိက္ခဝေ အာဝိသင်္ကမ နိယာ ပါဒုကာ ဓာရေတဗ္ဗာ၊ ယော ဓာရေယျ၊ အာပတ္တိဒုက္ကဋဿ။ အနုဇာနာမိ ဘိက္ခဝေ တိဿော ပါဒုကာယော ဓုဝဋ္ဌာနိယာ၊ အသင်္ကမနိယာယော၊ ဝစ္စပါဒုကံ ပဿာဝ ပါဒုကံ အာစမန ပါဒုကန္တိ။

ဟု ဟောတော်မူသောကြောင့် ဝစ္စကုဋိပဿာဝကုဋိ သန့်သက်ရေသုံးသပ်ရာ ဤသုံးဌာနတို့၌ အမြဲခင်းအပ်သော မရွေ့လျားကောင်းသော ခြေနင်းသုံးပါးမှတစ်ပါး တစ်စုံတစ်ခုသော အရာတို့၌ ဝင့်မပြုအပ်သောကြောင့် မစီးအပ်ကုန်။

န ဘိက္ခဝေ ဂေါစမ္မံ ဓာရေတဗ္ဗံ၊ သော ဓာရေယျ အာပတ္တိဒုက္ကဋဿ။

ဟူ၍ ဟောတော်မူသောကြောင့် နွားရေဖြင့် ပြုလုပ်သော စမ္မခဏ်ကို မဆောင်အပ်။

န ဘိက္ခဝေ ဆတ္တံ ဓာရေတဗ္ဗံ ယော ဓာရေယျ အာပတ္တိ ဒုက္ကဋဿ အနုဇာနာမိ ဘိက္ခဝေ ဂိလာနဿ ဆတ္တံ ဓာရေတုံ အစရှိသည်ဖြင့် ဟောတော်မူအပ်သောကြောင့် ကိုယ်ပူ

ခြင်း၊ မျက်စိနာခြင်း၊ သည်းခြေနာရှိခြင်း အစရှိသော အနာတည်းဟူသော အကြောင်းမရှိဘဲ ထီးမဆောင်အပ်။

နှ ဘိက္ခဝေ နစ္စဝါ ဂီတံဝါ ဝါဒိတံ ဝါ ဒဿနာယ
ဂန္တဗ္ဗံ ယော ဂစ္ဆေယျ၊ အာပတ္တိ ဒုက္ကဋဿ။

ဟူ၍ ဟောတော်မူသော ကခြင်း သီခြင်းတီးမှုတ်ခြင်းနှင့် စပ်သော ဆိုင်း ကခြေ ရုပ်သေး ဇာတ် ဘုံရှည်အစရှိသော အလုံ စုံသော သဘင်မျိုးတို့ကို မိမိပယောဂဖြင့်လည်း မယှဉ်စေအပ်ကုန်။ ဥဒေါင်းကခြင်းမှစ၍ မိမိပယောဂ မဟုတ်ဘဲ အလိုလိုယှဉ်နှင့်ပြီးသော ထိုကခြင်း သီခြင်း တီးမှုတ်ခြင်း တို့ကို မကြည့်ရှုအပ် နားမထောင်အပ်ကုန်။

ဝိသုံက ဒဿနန္တိ ကိလေသုပ္ပတ္တိ ပစ္စယတော ကုသလ ပက္ခ ဘိန္ဒနေန ဝိသူကာနံ ဒဿနံ ဝိသူကာ ဘူတံဝါ ဒဿနံ။

အစရှိသည်ဖြင့် ခုဒ္ဒကပါဌ အဋ္ဌကထာလာရကား ရာဂအစရှိသော ကိလေသာဖြစ်ခြင်း၏ အကြောင်းဖြစ်သော အားဖြင့် ကုသိုလ်၏ အဖို့ကို ဖျက်ဆီးတတ်သောကြောင့် ဘုရားအဆုံးအမတော် သာသနာတော်၏ ဆန့်ကျင်ဘက် ဆူးငြောင့်တသင်းသဖွယ်ဖြစ်သော သဘင်ခံခြင်း၊ ဘာရတ ရာမမင်း အစရှိသည်တို့၏ အစီအရင်စသည်ကို ပြောဆို ရာ နာခံခြင်း လက်ခုပ်တီးခြင်း စည်ပုတ်တီးခြင်း အိုးစည် တီးခြင်း ကခြေသည်ကို ကစေခြင်း သံချောင်းကစားခြင်း အရိုးဆေးကစားခြင်း ဝါးထောင်ကစားခြင်း ဖဲရိုက် ကစားခြင်း အံစာပစ် ကစားခြင်း စစ်တုရင်ကစားခြင်း ဆင်တိုက်ခြင်း မြင်းတိုက်ခြင်း ကျွဲတိုက်ခြင်း နွားတိုက်ခြင်း

ဆိတ်တိုက်ခြင်း သိုးတိုက်ခြင်း ကြက်တိုက်ခြင်း ခါတိုက်ခြင်း ငုံးတိုက်ခြင်း ကျေးသားရိုက်ခြင်း ဒုတ်ပေါက်ခြင်း လက်ဝှေ့သတ်ခြင်း လက်ပန်းလုံးခြင်း စစ်ထိုးခြင်း ဗိုလ်ရေတွက်ခြင်း စစ်သည်စုခြင်း ဆင်သည် မြင်းသည် ရထားသည် ခြေသည်တို့ကို ကြည့်ရှုခြင်း မီးဖြူ မီးဝါ မီးရွှေ မီးလင်းမွေ့ မီးဉပါ မီးစက် မီးပိတုန်း စသော မီးပုံ့ စက်ပုံ မီးအိမ်ပုံတို့ကို လွှတ်ခြင်း ဒုံးရှို့ခြင်း ပြောက်ခွဲခြင်း အစရှိသော အလုံးစုံသော အမှုသည် ဝိသုကမည်၏။

ထိုဝိသုကမည်သော အမှုတို့ကို ကြည့်ရှုနာခြင်းသည် ဝိသုကဒဿနမည်၏။ အလုံးစုံသော အတမျိုး အသီမျိုး ဝိသုကမျိုးတို့ကို ကြည့်ရှုနာခံခြင်းမှ ကြဉ်ရှောင်ခြင်းသည် နစ္စ ဂီတ ဝါဒိတ ဝိသုက ဒဿနာ ဝေရာမဏီ မည်၏။

ထို့ကြောင့် လူ့ပေဿလ သိက္ခာကာမ ဖြစ်ကုန်သော ရဟန်းကောင်းတို့သည် သာသနာတော်၏ ဆန့်ကျင့်ဘက်ဖြစ်ကုန်သော ဆိုအပ်ပြီးသော အလုံးစုံသော အမှုတို့မှ ဝေးစွာ ကြဉ်ရှောင်အပ်ကုန်၏။

နစ္စဝါဒိယ ကီဠတော ဒုက္ကဋ” ဟု အဋ္ဌကထာ မိန့်သော ကြောင့် မြစ်နား ရဟန်းတို့သည် လှေ့်လှေ့ကို ပြုပြင်၍ စကားလိုသောစိတ်ဖြင့် ထိုမှ ဤမှ မသွားလာအပ်။

ယာမကာလိကံ သတ္တာဟ ကာလိကံ ယာဝ ဇီဝိက အာဟာရတ္တာယ ပဋိဂ္ဂဟျာတိ၊ အာပတ္တိဒုက္ကဋဿ။ အဇ္ဈော ဟာရေ အဇ္ဈောဟာရေ အာပတ္တိ ဒုသင္ကဋဿ။

ဟူ၍ လည်းကောင်း။

အနုဇပတ္တိ ယာမ ကာလိကံ သတ္တာဟ ကာလိကံ ယာဝဇီဝိကံ သတိ ပစ္စယေ ပရိဘုဉ္ဇတိ။

ဟူ၍ လည်းကောင်း။

ဤပါဠိတို့ကို ဝိကာလဘောဇနသိက္ခာပုဒ်၏ ပဒဘာဇနီ၌လည်းကောင်း၊ သန္နိဓိကာရက သိက္ခာပုဒ်၏ ပဒဘာဇနီ၌ လည်းကောင်း၊ ဤပါဠိနှစ်ရပ်တို့၌ အတူတူပင် ဟောတော်မူသောကြောင့် ယာဝဇီဝ ဖြစ်သော ထိုနေ့ အစပ်ခံအပ်သော ကွမ်း ဆေးတို့ကို နေလွဲအခါ အနာတည်းဟူသော အကြောင်းမရှိဘဲ သုံးဆောင်ခြင်းငှာ အတပ်ခံခြင်း၌ လည်းကောင်း၊ မျိုတိုင်း မျိုတိုင်း၌လည်းကောင်း ဝိကာလဘောဇနသိက္ခာပုဒ်၏ အန္တရာပတ်ဖြင့် ဒုက္ကဋ်အာပတ်သင့်၏။

ရှေးနေ့၌ အစပ်ခံအပ်ပြီးသော ကွမ်း ဆေးတို့ကို နံနက်အခါ၌ အနာတည်းဟူသော အကြောင်းမရှိဘဲ အာဟာရ အလို့ငှာအတပ်ခံခြင်း၊ မျိုခြင်းတို့၌သန္နိဓိကာရကသိက္ခာပုဒ်၏ အန္တရာပတ်ဖြင့် ဒုက္ကဋ်အာပတ် သင့်၏။ ထိုကွမ်းဖတ် ကွမ်းသီးဖတ် ဆေးဖတ် မကောင်းသော ခံတွင်းဖြင့် ဆွမ်းစသော အာမိသကို စားသောအခါ မျိုတိုင်း မျိုတိုင်း သန္နိဓိပါစိတ်အာပတ်သင့်၏။

ဆွမ်းစားပြီးလျှင် အာမိသ မကောင်းသော ခံတွင်းဖြင့် ကွမ်း ဆေးတို့ကို သုံးဆောင်သောအခါ၌လည်း မျိုတိုင်း မျိုတိုင်း သန္နိဓိပါစိတ်အာပတ်သင့်၏။ နေလွဲသောအခါ ရှေးနေ့၌ အစပ်ခံအပ်ပြီးသော ကွမ်း ဆေးတို့ကို အနာ

တည်းဟူသော အကြောင်းမရှိဘဲ သုံးဆောင်ခြင်း ငှာ အကပ်ခံခြင်း၊ မျိုခြင်းတို့၌ သိက္ခာပုဒ် နှစ်ခုတို့ဖြင့် ဒုက္ကဋ်အာပတ်နှစ်ချက်စီ သင့်၏။ ထို့ကြောင့် နံနက်အခါ၌ ကွမ်း ဆေးတို့ကို သုံးဆောင်လိုကုန်သော လဇ္ဇီကုက္ကုစ္စက သိက္ခာကာမသူတော်ကောင်းအပေါင်းတို့သည် ထိုနေ့ အကပ်ခံအပ်သော ဝတ္ထုကိုသာ သုံးဆောင်အပ်၏။

အခိုးတံ ဆေးလိပ်တို့ကိုကား....

တေန ခေါ ပန သမယေန အာယသ္မတော ပိလိန္ဒဝစ္ဆဿ သီသာဘိတာပေါ ဟောတိ။

အစရှိသည်ဖြင့် ပါဠိလာသည်နှင့်အညီ ဥက္ကောင်းပျသောအနာ၊ ကုတ်ဟီးချောင်းဆိုးကြီးနာ၊ ထိပ်ကပ်နာ စသောအနာရှိသော အခါ၌သာ ခွင့်ပြုတော်မူသောကြောင့်လည်းကောင်း၊ ကာမဂုဏ် စည်းစိမ်ကို ခံစားကုန်သော လူတို့၏အမူအရာနှင့် တူသည် ဖြစ်၍ ဘာမဏသာရုပ္ပ မဖြစ်သောကြောင့်လည်းကောင်း၊ အခါခပ်သိမ်း မအပ်ဟု ကျမ်းဂန်အရာ၌ လိမ္မာကျွမ်းကျင်ကုန်သော သက်ကယ်ခြင်းဆရာတော်သဲအင်းဆရာတော် စသော ဆရာမြတ်တို့သည် ဆုံးဖြတ်တော်မူကြကုန်သည်။

ထိုအနာရှိသောအခါ၌လည်း....

ဘိက္ခု မူမ ဝဋ္ဋိ ပဋိဂ္ဂဟေတွာ မူမံ ပိဝတိ၊
မုခဥ္စ ကဏ္ဍောစ မနော သိလာယ လိတ္တောဝိယ
ဟောတိ၊ ယာဝကာလိကံ ဘုဥ္စိတုံ ဝဋ္ဋတိ၊

ယာဝကာလိကေန ယာဝဇီဝိက သံသဂ္ဂေ ဒေါ
သော နတ္ထိ၊ ပတ္တံဝါ ရဇနံဝါ ပစန္တဿ ကဏ္ဍ
နဿ မုခ ဆိဒ္ဒေ ဟိ မူမော ပဝိသတိ။
ဗျာမိပစ္စယာ ပုပ္ဖံဝါ ဖလံဝါ ဥပသိင်္ဃတိ အဗ္ဗော
ဟာရိကတ္တာ ဝဋ္ဋတိ။ ။ (အဋ္ဌကထာ)

ပဋိဂ္ဂဟေတွာတိ တဒဟု ပဋိဂ္ဂဟေတွာ၊
တေနေဝ ယာဝကာလိကေန ယာဝဇီဝိက သံသဂ္ဂေ
ဒေါသော နတ္ထိ တိဝုတ္တံ သစေပနပုရိမ ဒိဝသေ
ပဋိဂ္ဂဟေတွာ ဌပိတာ ဟောတိ၊ သာမိသေန
မုခေန တဿာ ဝဋ္ဋိယာ မူမံ ပိုပိတုံ န ဝဋ္ဋတိ။
(တေမူသကဏ် ဋီကာ)

ဘုဉ္ဇိတုံ ဝဋ္ဋတီတိ မူမ ဝဋ္ဋိယာ တဒဟု ပဋိဂ္ဂဟိ
တတ္တာဝုတ္တံ။ ။ (ဝိမတိ)

ဤသို့ အဋ္ဌကထာ၊ ဋီကာကျမ်းဂန် လာသောကြောင့်
လည်းကောင်း၊ ရှေးနေ့၌ အကပ်ခံ အပ်ပြီးသော အခိုးတံ ဆေး
လိပ်တို့ကို သုံးဆောင်သည်ရှိသော် ကွမ်းဆေး၌ ဆိုအပ်ခဲ့ပြီး
သော အဆုံးအဖြတ်ဖြင့် အာပတ်သင့်၏ဟု မှတ်အပ်၏။ ထို့
ကြောင့် သဒ္ဓါ ပဗ္ဗဇိတ အာစာရ ကုလ ပုတ္တ ဖြစ်ကုန်သော
ရဟန်းသာမဏေတို့သည် စားနေကျ၊ သောက်နေကျဖြစ်၍
ခံတွင်းချဉ်ချဉ်ရှိတိုင်း အနာဟု ယိုးမယ်ဖွဲ့၍ နေလွဲအခါ
ကွမ်း ဆေး၊ အခိုးတံ ဆေးလိပ်တို့ကို မသုံးဆောင်အပ်ကုန်။

န ဘိက္ခဝေ ဥစ္စာသယန မဟာသယနာနိ ဓာရေ
တဗ္ဗာနိ၊ သေယျထိဒံ၊ အာသန္ဒိ ပလ္လင်္ကော ဂေါန
ကော စိတ္တကော ပဋိကာ ပဋလိကာ တူလိကာ
ဝိကတိကာ ဥဒ္ဓလောမိ ဧကန္တလောမိ ကဋ္ဋိဿံ ကော·
သေယျံ ကုတ္တကံ ဟတ္ထတ္ထရံ အဿတ္ထရံ ရထတ္ထရံ
အဇိနပဝေဏိ ကာဒလိ မိဂပဝရ ပစ္စတ္ထရဏံ
သဥတ္တရစ္ဆဒံ ဥဘတော လောဟိတ ကူပဓာနံ၊
ယော ဓာရေယျ၊ အာပတ္တိ ဒုက္ကဋဿာတိ။

ဤသို့ ဟောတော်မူအပ်သော မဟာသယန အပေါင်းတို့တွင် ပဋိလိကာတိ ဃန ပုပ္ဖကော ဥဏ္ဏာမယ လောဟိတတ္ထရ ဏော ယောအာမလက ပဋ္ဋောတိပိ ဝုစ္စတိ။

ဟု အဋ္ဌကထာ မိန့်သောကြောင့် ယခုအခါ သုံးဆောင်ကြသော ပြောက်ကျားသော တရုတ်ကော်ဇော သဘော် ကော်ဇောတို့ကို ပဋလိကာ ယမင်းဟု မှတ်အပ်ကုန်၏။ ထို ပြောက်ကျားသော တရုတ်ကော်ဇော သဘော်ကော်ဇော တို့ကို ၎င်းတို့မှတစ်ပါး အလုံးစုံသော မဟာသယနတို့ကို လည်းကောင်း။

ဂေါနကာဒီနိ သံဃိက ဝိဟာရေ ဝါ ပုဂ္ဂလိက
ဝိဟာရေ ဝါ မဉ္စပိဌေသု အတ္ထရိတွာ ပရိ
ဘုဉ္ဇိတုံ န ဝဋ္ဋတိ။

ဟု အဋ္ဌကထာ မိန့်ရကား ညောင်စောင်း၊ အင်းပျဉ်ပေါ် ၌ခင်း၍ မသုံးဆောင်ကောင်းဟု မှတ်ရမည်။

အနုဇာနာမိ ဘိက္ခဝေ ဥပေတွာ တိဏ္ဏံ အာသိတ္တံ
ပလ္လက်ံ တူလိကံဂိဟိ ဝိကတံ အဘိနိသီဒိတုံ၊
နတွေဝ အဘိနိပဇ္ဇိတုံ။

ပါဠိတော် လာသောကြောင့်လည်းကောင်း....၊

အာသန္ဒာ ဒိတ္တယံ ဥပေတွာ အဝ သေသေသု၊
ဂေါနကာဒိသု ဂိဟိကင္ဆေသု ဓမ္မာ ဃနေဝါ
ဘတ္တဂ္ဂေဝါ အန္တရဃရေဝါ နိသီဒိတုံ ဝဋ္ဋတိ
နိပဇ္ဇိတုံ နဝဋ္ဋတိ။

ဟု အဋ္ဌကထာဖွင့်သောကြောင့်လည်းကောင်း....၊

ဘိက္ခုဟိ အနာ ဏတ္တာ အာရာမိကာ ဒယော
သယ မေဝ ပညပေန္တိ စေဝ နိဟရန္တိ စ၊
တေံ ဂိဟိဝိကဋ္ဋံ နိဟာရံနာမ ဣမိနာဂိဟိဝိကဋ္ဋ
နိဟာရေန ဝဋ္ဋတိ။

ဟု ဋီကာ ဆို သောကြောင့်လည်းကောင်း၊ အာသိတ္တ ပလ္လင်္က တူလိက ဤသုံးပါးတို့ကို အလျင်ပယ်ပြီး၍ ကြွင်းသော သောဏက စသော မဟာသယနတို့ကို ဓမ္မာသန၊ ဘတ္တဂ္ဂ၊ အန္တရဃရ၊ ဤသုံးဌာနတို့၌ ရဟန်းတို့ မစေမခိုင်းဘဲ လူတို့ အံလိုအလျောက်ခင်း၍ သိမ်းခြင်းဟု ဆိုအပ်သော ဂိဟိဝိကဋ္ဋ နိဟာရ ပရိဘောဂဖြင့် ထိုင်ခြင်းငှာ အပ်၏၊ ထိုသုံးဌာနတို့၌လည်း အိပ်ခြင်းငှာ မအပ်။

၂၅၃၃၄

ဓမ္မာသနေ့ ဒိ ပဒေသ နိယာမေန တတော အညတ္ထ-
ဂဝိတိ ပညတ္တေပိ တတ္ထ နိသီဒိတုံ န ဝဋ္ဋတီတိ
ဗျတိရေကတော ဝိညာယတိ။

ဟု ဋီကာဆိုသောကြောင့်လည်းကောင်း။ ထိုသုံးဌာန
တို့၌လျှင် ရဟန်း၊တို့ ပယောဂဖြင့် ခင်းခြင်း၊ သိမ်းခြင်းကို
ပြု၍ သုံးဆောင်ခြင်းဟု ဆိုအပ်သော ပုဂ္ဂလိက ပရိဘောဂ
သံဃိက ပရိဘောဂ မအပ်ဟုမှတ်ရမည်။

အနုဇာနာမိ ဘိက္ခဝေ ပစ္စတ္ထရိတုန္တိ ပရိဘဏ္ဍကတံ
ဘူမိ ဝါ ဘူမတ္ထရဏ သေနာသနံ ဝါ သံဃိကာ မဉ္စ
ပီဌံ ဝါ အတ္တနော သန္တကေန ပစ္စတ္တရဏေန ပစ္စတ္ထ
ရိတွာ ဂ နိပဇ္ဇိတဗ္ဗံ။

အဋ္ဌကထာဖွင့်သောကြောင့်လည်းကောင်း၊ ပုဂ္ဂလိကဖြစ်
စေ၊ သံဃိကဖြစ်စေ၊ အင်္ဂတေ ဟင်္သပြဒါး စသည်တို့ဖြင့်
အပြေအပြစ် ပြုအပ်သော မြေအရပ်ကို လည်းကောင်း။
ဝေါဟာကအခင်း အစရှိသော မဟာယန ဖြစ်သော
ညောင်စောင်း အင်းပျဉ်ကို လည်းကောင်း၊ မိမိဉစ္စာ ဖြစ်
သော ကပ္ပိယ ပစ္စတ္ထရဏဖြင့် လွှမ်း၍သာ အိပ်ကောင်း
နေကောင်း၏ဟု မှတ်ရမည်။

နဘိက္ခဝေ သဗ္ဗ ပိတကာနိ စိဝရာ နိဓာရေတဗ္ဗာနိ
ယောဓာရေယျ၊ အာပတ္တိဒုက္ကဋဿ။

ဟု ပါဠိတော် လာသောကြောင့်လည်းကောင်း။

ပိတကာယကိုကာရ ပုပ္ဖဝဏ္ဏာ။

ဟု အဋ္ဌကထာ ဖွင့်တော်မူသောကြောင့် လည်းကောင်း၊ ဖဲသက်နှင်း၊ ကတ္တိပါသက်နှင်းတို့သည် မဟာလှေကားပွင့်ထက် မကာ အညို အရွှေ အနီ အမောင်း စသော လေးရောင် ဝါးရောင် ပြေးရှုကား အရောင်အားဖြင့်လည်း မအပ်ကုန်။ ဆိုးရည်အားဖြင့်လည်း မှအပ်သော ဆိုးရည် ဟူ၍လည်း မသိ။

နဘိက္ခဝေ သဗ္ဗ လောဟိတကာနိစီဝရာနိ ဓာရေ
တဗ္ဗာနိ၊ ယောဓာရေယျ၊ အာပတ္တိဒုက္ကဋဿ။

ဟူ၍ ဟောတော်မူသောကြောင့်လည်းကောင်း။

လောဟိတကာ ဇယကုသုမပုပ္ဖဝဏ္ဏာ။

အဋ္ဌကထာဖွင့်သောကြောင့်လည်းကောင်း၊ ပိတ်နီသည် လှယ်ခေါင်ရန်းပွင့်ကဲ့သို့ နီမြန်းသော အရောင် ရှိသော ကြောင့် လည်းကောင်း၊ ဆိုးရည်အားဖြင့် ပယ်တော်မူအပ် သော ပေါက်ပွင့် ဆိုးသောကြောင့်လည်းကောင်း မအပ်။

နဘိက္ခဝေ သဗ္ဗမဟာနာမ ရတ္တာနိ စီဝရာနိ ဓာရေ
တဗ္ဗာနိ၊ ယောဓာရေယျ၊ အာပတ္တိ ဒုက္ကဋဿ။

ဟု ဟောတော်မူသောကြောင့်လည်းကောင်း။

မဟာနာမ ရတ္တာ သမ္ဘိန္န ဝဏ္ဏာ ဟောတိ ပဏ္ဍု
ပလာသ ဝဏ္ဏာ။ ကုရုန္ဒိယံ ပန ပဒုမ ပုပ္ဖဝဏ္ဏာ တိ
ဝုတ္တာ။

ဟု အဋ္ဌကထာ ဖွင့်သောကြောင့်လည်းကောင်း၊ နန္ဒင်းဆိုးတိုင်၍ သီဘင်းဆိုး ဖောက်၍ ရက်သော ပိုးသက်နှီးသည် ဆိုးရည်အားဖြင့် နန္ဒင်းပါသောကြောင့် လည်းကောင်း၊ အရောင်အားဖြင့် အနီ အဝါရော၍ ဖျော့တော့သော အဆင်းရှိသောကြောင့်လည်းကောင်း မအပ်။

နဘိက္ခဝေ သဗ္ဗမဟာရင်္ဂ ရတ္တာနိ မဟာရင်္ဂနာမရတ္တာနိ
ယောဓာရေယျ၊ ဒုက္ကဋ္ဌ သံ။

ဟု ပါဠိတော် လာသောကြောင့်လည်းကောင်း။

မဟာရင်္ဂရတ္တာ သတပဒိပိဋ္ဌိ ဝဏ္ဏာ။

ဟု အဋ္ဌကထာဖွင့်သောကြောင့် လည်းကောင်း၊ သီတင်းသီ သက်သက် နီလွန်းအောင်ဆိုးသော သင်္ကန်းသည် ဆိုးရည်အားဖြင့် မပယ်အပ်သော်လည်း အဆင်းအရောင်အားဖြင့် ကင်းခြေများကျောက်ကုန်းအဆင်းထက်မက နီမောင်းသော အရောင်ရှိသောကြောင့် အရောင်အားဖြင့် ပယ်တော်မူသည်။

ထို့ကြောင့် ဝိနည်းသိက္ခာပုဒ်အလိုသို့ရှိတတ်ကုန်သော လဇ္ဇီ ကုက္ကုစ္စက သိက္ခာ ကာမ ဖြစ်ကုန်သော ရဟန်းသူတော်ကောင်းတို့သည် ဖဲအတ္တိပါပိတ်နီ ပိုး၊ သင်္ကန်းတို့ကိုသုံးဆောင်ခြင်းမှ ကြဉ်ရှောင်အပ်ကုန်၏။

ယော ပန ဘိက္ခု သန္တံ ဘိက္ခုံ အနာပုစ္ဆာ
ဝိကာလေ ဂါမံ ပဝိသေယျ အညတြ တထာရူပါ
အစ္စာယိကာ ကရဏီယာ ပါစိတ္တိယံ။

ဟု ဟောတော်မူသောကြောင့် ထင်ရှားရှိသော ရဟန်းကို မပန်ကြားမူ၍ နေလဲ့အခါ ရှောင်တခင်ပြုအပ်သော အမှုမရှိဘဲ ရွာတွင်းသို့ မဝင်အပ်။

နဘိက္ခဝေ ပဏ္ဍဟိ အာဗာဓေဟိ ပုဋ္ဌော ပဗ္ဗာဇေ တဗ္ဗော ယော ပဗ္ဗာဇေယျ အာပတ္တိဒုက္ကဋဿ။

ဟု ဟောတော်မူသောကြောင့် နူနာ အိုင်းနာ၊ ပွေးညှင်းတင်းတိပ်နာ၊ ချောင်းဆိုးကြီး ကုတ်ဟီးနာ၊ သည်းခြေပျက်၍ ရူးသောအနာ၊ ဘိလူးဖမ်း၍ ရူးသောအနာ၊ ဤ အနာငါးပါးတို့ဖြင့် နှိပ်စက်သောသူကို ရှင်ရဟန်း မပြုအပ်။

နဘိက္ခဝေ ဟတ္ထစ္ဆိန္နော ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿ၊ န ပါဒစ္ဆိန္နော န ကဏ္ဏစ္ဆိန္နော န နာသစ္ဆိန္နော န ခုဇ္ဇော န ဝါမနော န ပရိသဒူသကော န ကာဏော န ကုဏိ န ခဉ္ဇော န ဇရာ ဒုဗ္ဗလော န မူဂေါ န ဗဓိရော၊ ပဗ္ဗာဇေတဗ္ဗော ယောပဗ္ဗာဇေယျ အာပတ္တိ ဒုက္ကဋဿ။

စသည်ဖြင့် ဟောတော်မူသောကြောင့် လက်ပြတ်သောသူ၊ ကုန်းသောသူ၊ ကွသောသူ၊ အလွန်နိမ့်လွန်း၊ မြင့်လွန်း၊ ဖြူလွန်းသည်ဖြစ်၍ ပရိသတ်ကို ဖျက်ဆီးတတ်သောသူ၊ မျက်စိတစ်ဖက် ကန်းသောသူ၊ လက်ခြေ ကောက်သောသူ၊ ခွင်သောသူ၊ အို၍အားနည်းပြီးသောသူ၊ အသုသော

သူ၊ သူသေသူ၊ နွားပင်းသေသူ—အစရှိသော မြင်ကုန်သော သူတို့အား သဒ္ဓါကြည်ညိုခြင်းကို မဖြစ်စေတတ် ပရိသတ်ကို ဖျက်ဆီးတတ်သော ပဗ္ဗဇ္ဇဒေါသမှ မထင်မလွတ်သောသူတို့ကို ရှင်ရဟန်း မပြုအပ်ကုန်။

ထိုဆိုအပ်ခဲ့ပြီးသော ပရိသ ဒူသက ပဗ္ဗဇ္ဇဒေါသမှလွတ်သော ရှင်လောင်းတို့ကိုလည်း သရဏဂုံသီလတို့၌ နိဂ္ဂဟိတန္တ မကာရန္တ တိုက် နေရာကျအောင် လေ့လာစေပြီး၍ ပဉ္စမဝကမ္မဋ္ဌာလေးပုဒ် လိင်ဆယ်ပါး ဒဏ်ဆယ်ပါးတို့ကို ပါဠိအနက် နှုတ်တက်အောင်ရှိစေပြီးမှ ဆရာဖြစ်သောသူလည်း နိဂ္ဂဟိတန္တ မကာရန္တ သိထိလ ဓနိတ တို့၌ ဌာနိ တရိုက်၊ကျအောင် လေ့လာပြီး၍ ဉာဏ်တော်သုဒ္ဓိ၏ အစွမ်းဖြင့် ရှင်ပြုကြကုန်။

ဤဆိုအပ်ပြီးသော အလုံးစုံသော သိက္ခာပုဒ်တို့သည် ကျမ်းဂန်ထင်ရှားရှိလျက် ယခုအခါ အမှတ်မကင် လွန်ကျူးကျောင်နင်း၍ ပြုကျင့်ကြကုန်သဖြင့် တိမ်ကောပြီးသော သိက္ခာပုဒ်တို့သာတည်း။ ဤမှတစ်ပါးသော အလုံးစုံသော သိက္ခာပုဒ်တို့၌လည်း ကောင်းစွာဆောက်တည်၍ အကျိုးမျှသော အပြစ်ကို ဘေးဟုရှုလေ ရှိသည်ဖြစ်၍ ကျင့်အပ်ကုန်၏။

ဤဆိုအပ်ပြီးသော အလုံးစုံသော သိက္ခာပုဒ်တို့ကို တစ်စုံတစ်ယောက်သော ရဟန်း ပုဏ္ဏား မင်း စသည်တို့၏ အမိန့်တော်ဟု အဓိပ္ပာယ်နိုသော မနသိကာရ မသင့်သောအားဖြင့် နှလုံးမသွင်းမူ၍ သုံး လူ ထွင့် ထား မြတ် စွာ ဘု ရား သည်

သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် ရွှေနှလုံးတော်မှ ထုတ်ဆောင်မူ၍ ရွှေနှုတ်တော်ဖြင့် မြွက်တော်မူ၍ ပညတ်တော်မူအပ်သော သိက္ခာပုဒ်တော်ချည်းတည်း ဟု ယောနိသော မနသိကာရ အသင့်အားဖြင့် နှလုံးသွင်း၍ ရိုသေစွာလိုက်နာ၍ ကျင့်အပ်ကုန်၏။

ထိုသို့ ရိုသေစွာလိုက်နာ၍ ကျင့်သောသူသည် သာသနာတော်၌ကြည်ညိုယောင်ဆောင်၍ ရဟန်းပြုပြီးလျှင် ဘုရား ပညတ်တော်မူအပ်သော သိက္ခာပုဒ်တော်ကို လွန်ကျူးကျော်နင်း ဖျက်ဆီးတတ်သောကြောင့် သာသနာဖျက် အလဇ္ဇီ ဒုဿီလပုဂ္ဂိုလ် မည်၏။ ထို့ကြောင့် ဆိုအပ်ခဲ့ပြီးသော အလုံးစုံသော သိက္ခာပုဒ်တို့ကို ဖြူစင်စွာ သုတ်သင်၍ ကျင့်အပ်၏။

ထိုသို့ သိက္ခာပုဒ်တော်ကို ဖြူစင်စွာသုတ်သင်၍ ကျင့်ခြင်းမည်သည်ကား နှစ်ပါးသော အကြောင်းကြောင့်သာ ကျင့်နိုင်သည်၏ အဖြစ်ကို ပြခြင်းငှာ ဗုဒ္ဓမတ္တညု အဋ္ဌကထာ ဆရာမြတ်တို့သည်-

တံ ပနေတံ ဝေါဒါနံ ဒွိဟာ ကာရေဟိ သမ္ပဇ္ဇတိ သီလဝိပ္ပတ္တိယာ အာဒီနဝ ဒဿနေန စ၊ သီလသမ္ပတ္တိယာ အာနိသံသ ဒဿနေန စ။

အဓိပ္ပာယ်ကား=သီလကို ဖြူစင်စွာ သုတ်သင်၍ ကျင့်ခြင်းမည်သည်ကား နှစ်ပါးသော အကြောင်းကြောင့်သာ

တတ်နိုင်၏။ နှစ်ပါးသော အကြောင်းတို့ဟူသည် အဘယ်သည်တို့နည်းဟူမူကား သီလပျက်စီးခြင်း၏ အာဒီနဝအပြစ်ကို မြင်သဖြင့် ထိုအပြစ်မှလွတ်အောင် ကြဉ်၍ရှောင်သည်လည်းတစ်ပါး။

သီလပြည့်စုံခြင်း၏ အာနိသံသ အကျိုးဆက်ကို မြင်သဖြင့် ထိုအကျိုးအာနိသင်နှင့် ပြည့်စုံအောင် စောင့်ရှောက်သည်လည်း တစ်ပါး။

ဤနှစ်ပါးသော အကြောင်းကြောင့်သာလျှင် သီလကို ဖြူစင်စွာ သုတ်သင်၍ ကျင့်ခြင်းငှာ စွမ်းနိုင်ကုန်၏။ ထိုနှစ်ပါးတို့တွင် သီလပျက်စီးခြင်း၏ အာဒီနဝ အပြစ်ကို-

ဘဂဝတာ သီလဝန္တဿေဝ ပစ္စယာ အနုညာတာန
ဒုဿီလဿ၊ တဿ ဒုဿီလဿ သံဃမဇ္ဈေပိ ပရိ-
ဘောဂေါ ထေယျ ပရိဘောဂေါ ဝဟောတိ။

ဟူသော ပါဠိဖြင့်လည်း သိအပ်၏။

အဓိပ္ပာယ်ကား-မြတ်စွာဘုရားသည် သီလနှင့်ပြည့်စုံသော သီလဝန္တပုဂ္ဂိုလ်အားသာလျှင် ချစ်သား ရဟန်းတို့ ဒါယကာတို့ သဒ္ဓါ၍လှူသော ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့ကိုခံ၍ သုံးဆောင်ကြကုန်လော့ဟု ခွင့်ပြုတော်မူကုန်၏။ သီလပျက်စီးသော ဒုဿီလပုဂ္ဂိုလ်အား ခွင့်ပြုတော်မမူအင် [illegible]။

ထို့ကြောင့် [illegible]ပျက်စီးသော အလဇ္ဇီပုဂ္ဂိုလ်တို့၏ သုံးဆောင်ခြင်းသည် သင်္ဃာအလယ်၌ သုံးဆောင်သော်

လှည်း ဘုရားဥစ္စာတော်ကို ခိုး၍ သုံးဆောင်သည်မည်၏။ ထိုသို့မည်သောကြောင့် ဘုရားဥစ္စာတော်ကိုခိုး၍ သုံးဆောင်ခြင်း၏ ကြီးမားသော ကြောက်မက်ဖွယ်သော အပြစ်ရှိသည်၏ အပြစ်ကို မြတ်စွာဘုရားသည် အင်္ဂုတ္တိုရ်ခန္ဓောပမသုတ်၌ ခုနစ်ပါးသော ဥပမာတို့ကိုထုတ်၍ အကျယ်ဝိတ္ထာရနယအားဖြင့် ဟောတော်မူ၏။ ထို ဒေသနာ တော်၏ အဓိပ္ပာယ်ကို အကျဉ်း ရုံး၍မှတ်လွယ်စိမ့်သောငှာ ဗုဒ္ဓမတ္တညူ အဋ္ဌကထာဆရာမြတ်တို့သည်....

ဣမာဟိ ဝါဠရဇ္ဇု တိက္ခသတ္တိ အယောပဋ္ဋ အယောဂုဠ အယောမုဋ္ဌိ အယောစိဒ္ဒ အယောကုမ္ဘိ ဥပမာဟိ အဘိဝါဒန အဉ္ဇလိကမ္မစီဝရ ပိဏ္ဍပါတ မဉ္စပီဌ ဝိဟာရပရိဘောဂပစ္စယံ ဒုက္ခံ ဒဿေသိ။

ဟု မိန့်တော်မူအပ်ကုန်၏။

အဓိပ္ပာယ်ကား—သီလမရှိသော အလဇ္ဇီ ဒုဿီလပုဂ္ဂိုလ်တို့သည် မင်း ပုဏ္ဏားစသော လူတို့၏ကြည်ညို၍ ရှိခိုးခြင်းကို ခံရသည်ထက် ခိုင်လှစွာသော သားမြီးကြိုးကို အားကြီးလှစွာသော ယောကျ်ားနှစ်ယောက်တို့သည် အရင်းအဖျားကိုင်၍ တိုက်သဖြင့် အရေပါး အရေထူ အသားအကြောအရိုးတို့ကိုဖြတ်၍ ရိုးတွင်းချဉ်ဆီတိုင်အောင် ထိစေခြင်းကို ခံရခြင်းသည်သာလျှင် မြတ်၏။

အလဇ္ဇီ ဒုဿီလပုဂ္ဂိုလ်တို့သည် မင်း ပုဏ္ဏား စသော လူတို့၏ လက်အုပ်ချီ၍ အရိုအသေပြုခြင်းကို ခံရသည်ထက်

ရဲရဲတောက်သော ထက်လှစွာသော လှံစွယ်ဖြင့် တစ်ကိုယ်လုံးကို စိတ်စိတ်ထိုးခြင်းကို ခံရခြင်းသည်သာလျှင်မြတ်၏။

အလဇ္ဇီ ဒုဿီလပုဂ္ဂိုလ်တို့သည် မင်း ပုဏ္ဏား စသော လူတို့၏ သဒ္ဓါဖြင့်လှူသော သင်္ကန်းကို ဝတ်ရုံခြင်းထက် ရဲရဲတောက်သော သံပြားဖြင့် တစ်ကိုယ်လုံးကိုပတ်၍ လောင်စေခြင်းကို ခံရခြင်းသည်သာလျှင် မြတ်၏။

အလဇ္ဇီ ဒုဿီလပုဂ္ဂိုလ်တို့သည် မင်း ပုဏ္ဏား စသော လူတို့၏ သဒ္ဓါဖြင့်လှူသော နူးညံ့သော ဆွမ်းခဲဖွယ် ဘောဇဉ်တို့ကို သုံးဆောင်ခြင်းထက် ရဲရဲတောက်သော သံတွေခဲကိုခံတွင်းသို့ပေါက်၍ နှုတ်မှ အူသိမ်ကိုလောင်၍အောက်ဒွါရ ပေါက်သို့ ထွက်စေခြင်းသည်သာလျှင် မြတ်၏။

အလဇ္ဇီ ဒုဿီလ ပုဂ္ဂိုလ်တို့သည် မင်း ပုဏ္ဏား စသော လူတို့၏သဒ္ဓါဖြင့်လှူသော ကျောင်း၌နေရသည်ထက် ဟုန်းဟုန်းတောက်သော သံအိုးကြီး၌ချင်၍ ခံရခြင်းသည်သာလျှင် မြတ်၏။

သီလမရှိသော ဒုဿီလပုဂ္ဂိုလ်တို့သည် မင်း ပုဏ္ဏား စသော လူတို့၏ သဒ္ဓါဖြင့်လှူသော ရွှေ ငွေ ဖန် မှန် စသည်ဖြင့် မွန်းမံတန်ဆာဆင်အပ်သော ညောင်စောင်း အင်းပျဉ် ပေါ်ထက်၌ နေရခြင်းထက် ရဲရဲတောက်သော သံညောင်စောင်း သံအင်းပျဉ်ပေါ်၌ လက်ဝဲလက်ယာနံပါး ပြန်ခါ ပြန်ခါလှည့်၍ လောင်စေခြင်းကို ခံရသည်သာလျှင်မြတ်၏။

အဘယ်ကြောင့်နည်း ဟူမူကား....

ထိုသားမြီးကြိုးဖြင့် တိုက်ခြင်း၊ လုံသွားဖြင့် ထိုးခြင်း အစရှိသော အကြောင်းတို့ကြောင့်မူကား သေသော်လည်း သေရာ၏၊ သေလုခါနီးသော ဆင်းရဲခြင်းသို့လည်း ရောက်ရာ၏။ ထိုအကြောင်းကြောင့် သေသည်၏ အခြားမဲ့၌ အပါယ်မလားရသည်သာလည်း။

အလဇ္ဇီ ဒုဿီလပုဂ္ဂိုလ်တို့သည် သီလဝန္တခေယခင်ဆောင်၍ မင်း ပုဏ္ဏား စသော လူတို့၏သဒ္ဓါ၍ ရှိခိုးခြင်း၊ လက်အုပ်ချီခြင်းကို ခံရခြင်း၊ သီလဝန္တမှတ်၍ ကြည်ညိုသဖြင့် လှူအပ်သော သင်္ကန်း ဆွမ်း ကျောင်း ဆေးဆောင်း အင်းပျဉ်ကို သုံးဆောင်ခြင်းဟု ဆိုအပ်သော ဘုရားပစ္စည်းတော်ကို ခိုးခြင်းတည်းဟူသော အကြောင်းကြောင့်ကား သေသည်၏ အခြားမဲ့၌ ချမ်းသာကင်းရာဖြစ်သောကြောင့် အပါယဟုဆိုအပ်သော မကောင်းမှုကိုပြုသော သူတို့၏ သွားရာဖြစ်သောကြောင့် ဒုဂ္ဂတိဟုဆိုအပ်သော ကိုယ်လက် ပျက်စီးလျက် ကျရာဖြစ်သောကြောင့် ဝိနိပါတဟုဆိုအပ် သော နှလုံးမွေ့လျော်ဖွယ်ဟူသမျှတို့၏ ကင်းရာဖြစ်သော ကြောင့် နိရယဟုဆိုအပ်သော ငရဲပြိတ္တာ တိရစ္ဆာန် အသူရကာယ်တည်းဟူသော အပါယ်လေးဘုံတို့၌ အဆုံးမရှိ ကြီးစွာသော ဆင်းရဲတို့ကို နှစ်အရာ အထောင် အသောင်း အသိန်းဟူ၍ မပိုင်းခြားနိုင်သော ရှည်မြင့်စွာသော ကာလပတ်လုံး ခံရလေ၏။

ထို့ကြောင့် အပါယ်လေးဘုံ၌ဖြစ်၍ အဆုံးမရှိ ကြီးစွာသော ဆင်းရဲတို့ကို ရှည်မြင့်စွာသော ကာလပတ်လုံး ခံရလေခြင်းထက် တာတိုကို သေလောက်ရုံမျှသော ဆင်းရဲသေခြင်း သားမြီးကြိုးဖြင့် တိုက်ခြင်း အစရှိသည်ကို ခံရခြင်းသည် သာလျှင် မြတ်၏ဟု ဟောတော်မူသည်။

ဤသို့ ကြီးလှစွာသော အပြစ်ရှိသောကြောင့် သဗ္ဗညု မြတ်စွာဘုရားသည် သတ္တဝါအပေါင်းတို့ကို လွန်စွာသနားတော်မူသဖြင့် ဆင်းရဲမှ လွတ်စေခြင်းငှာ....

ပါတိမောက္ခ ဝိသော မေဓ္ဓော၊
အပ္ပေဝ ဇီဝိတံဇဟေ။
ပညတ္တံ လောကနာထေန၊
နဘိန္ဒေ သီလ သံဝရံ။

ဟူသော ဒေသနာတော်ဖြင့်—

ချစ်သားရဟန်းတို့....ပါတိမောက္ခ သံဝရသီလကို သုတ်သင်လိုသော ရဟန်းကောင်းသည် အသက်ကိုသော်လည်း စွန့်ရာ၏၊ လူသုံးပါးတို့၏ ကောင်းကျိုးချမ်းသာကိုသာ တောင့်တတော်မူတတ်သော သင်တို့ဆရာ ဖြစ်တော်မူသော ငါဘုရား ပညတ်တော်မူအပ်သော ပါတိမောက္ခ သံဝရ သီလကို မပျက်စေရာဟူ၍ ဆုံးမတော်မူသည်။

ထိုမှတစ်ပါး....

ကိကီဝ အဏ္ဍံ စမရီဝ ဝါလဓိံ၊
ပိယံဝ ပုတ္တံ နယနံဝ ဧကကံ။

တထေဝ သီလံ အနုရက္ခ မာနသာ၊
သုပေသလာ ဟောထ သဒါ သဂါရဝါ။
ဟူသော ဂါထာပါဠိဖြင့်လည်း....

ချစ်သားရဟန်းတို့၊ လောက၌ ကိကီ အမည်ရှိသော ငှက်မသည် အသက်ကိုစွန့်၍ မိမိဥကို စောင့်ဘိသကဲ့သို့လည်းကောင်း၊ စာမရီ အမည် ရှိသော သားသည် အသက်ကိုစွန့်၍ မိမိအမြီးဆံကို စောင့်ဘိသကဲ့သို့ လည်းကောင်း၊ ချစ်လှစွာသော သားငယ် တစ်ယောက်တည်းသာ ရှိသော မိန်းမသည် မိမိအသက်ကို စွန့်၍ သားငယ်အသက်ကို စောင့်ရှောက်ဘိသကဲ့သို့ လည်းကောင်း၊ မျက်စိ တစ်ဖက်သာ ရှိသော ယောကျ်ားသည် မိမိမျက်စိတစ်ဖက်ကို အလွန် ချစ်မြတ်နိုးဘိသကဲ့သို့ လည်းကောင်း။

ထို့အတူ သင်ချစ်သားတို့သည်လည်း ငါဘုရား ပညတ်တော်မူအပ်သော ပါတိမောက္ခသံဝရသီလကို အစဉ်စောင့်ရှောက်ကြကုန်သည်ဖြစ်၍ အခါခပ်သိမ်း ချစ်မြတ်နိုးကြကုန်သည် ဖြစ်၍ အခါခပ်သိမ်း ရိုသေ လေးမြတ်ကြကုန်သည်ဖြစ်၍ နေကြကုန်သည် ဟုဆုံးမ တော်မူသည်။

သီလဖြည့်စင်ခြင်း၏ အကျိုး အာနိသင်ကိုကား သိက္ခာ ပုဒ်တော်ကို ပညတ်တော်မူခြင်း၏ အကြောင်းဖြစ်သော ဆယ်ပါးသော အကျိုးထူးတရားတို့ကို သိအပ်ကုန်၏။

ဆယ့်ပါးသော အကျိုးထူးတရားဟူသည်ကား....

သံဃသုဋ္ဌုတာယ၊ သံဃဖာသုတာယ၊ ဒုမ္မင်္ကူနံပုဂ္ဂလာနံ နိဂ္ဂဟာယ၊ ပေသလာနံ ဘိက္ခူနံ ဖာသုဝိဟာရာယ၊ ဒိဋ္ဌ ဓမ္မိကာနံ အာသဝါနံ သံဝရာယ၊ သမ္ပရာယိကာနံ အာသဝါနံ ပဋိဃာတာယ၊ အပ္ပသန္နာနံ ပသာဒါယ၊ ပသန္နာနံ ဘိယျောဘာဝါယ၊ သဒ္ဓမ္မဋ္ဌိတိယာ၊ ဝိနယာနုဂ္ဂဟာယ။

ဤဆယ်ပါးတို့တည်း။

ထိုဆယ်ပါးဟူသော အကျိုးထူးတရားတို့တွင် သံဃသုဋ္ဌုတာယဟူသော ပါဠိ၏အရကား၊ အကြောင်း ဝတ္ထုရှိသောအခါ မြတ်စွာဘုရားသည် "တေန ဟိ ဘိက္ခဝေ ဘိက္ခူနံ သိက္ခာပဒံ ပညာပေဿာမိ ဒသ အတ္ထဝသေ ပဋိစ္စ" ဟူသော ပါဠိဖြင့်....

ချစ်သား ရဟန်းတို့၊ ထိုသိက္ခာပုဒ်တော်ကို ပညတ်တော်မူခြင်း၏ အကြောင်းရှိတပြီးအား ဆယ်ပါးသော အကျိုးထူးတရားတို့ကိုစွဲ၍ သင်ချစ်သားတို့အား၊ သိက္ခာပုဒ်ကို ပညတ်တော်မူပေအံ့ဟု မိန့်တော်မူ၏။

ထိုအခါ သံဃာအပေါင်းသည် ကောင်းပါပြီ မြတ်စွာဘုရား၊ ပညတ်တော်မူပါဟု ဝန်ခံကြ၏။ ထိုသို့ မြတ်စွာဘုရား၏ စကားတော်ကို ဝန်ခံခြင်းသည်....

ယော စ တထာ ဂတဿ ဝစနံ ပဋိစ္ဆတိ တဿ တံ ဒီဃ ရတ္တံ ဟိတာယ သုခါယ ဟောတိ၊

ဟူသော အဌကထာပါဠိနှင့်အညီ ရှည်မြင့်စွာသော နေ့ညဥ့်ပတ်လုံး လောကီ လောကုတ္တရာ စီးပွားချမ်းသာကို ပွားများခြင်း၏အကြောင်းဖြစ်၏။ ထို့ကြောင့် သင်္ဃာတော် အပေါင်းအား လောကီ လောကုတ္တရာ စီးပွားချမ်းသာ များခြင်း၏ အကြောင်းဖြစ်သော ဘုရားစကားတော်ကို ဝန်ခံခြင်းအကျိုးငှာ သိက္ခာပုဒ်တော်ကို ပညတ်တော်မူပေ အံ့ဟူလိုသည်။

အကြင် အလဇ္ဇီပုဂ္ဂိုလ်သည်ပညတ်တော်မူအပ်ပြီးသော သိက္ခာပုဒ်တို့ကို ရိုသေစွာ မကျင့်၊ ထိုအလဇ္ဇီပုဂ္ဂိုလ်သည် မြတ်စွာဘုရားသည် သိက္ခာပုဒ်ကို ပညတ်တော်မူပေအံ့ဟု ဆိုသော စကားကို ဝန်မခံသည် မည်၏။ ထိုဘုရားစကား တော်ကို ဝန်မခံသော အလဇ္ဇီပုဂ္ဂိုလ်အား ဆိုအပ်ပြီးသည်မှ ပြန်သောအားဖြင့် ရှည်မြင့်စွာသော ညဥ့်နေ့ ပတ်လုံး လောကီ လောကုတ္တရာ ကောင်းကျိုးချမ်းသာအပေါင်းတို့မှ ဆုတ်ယုတ်ပျက်စီးခြင်း၏ အကြောင်းဖြစ်၏။

သံဃဖာသုတာယ–ဟူသော ပါဠိ၏ အရကား....

သိက္ခာပုဒ်ကို ပညတ်တော်မူသည်ရှိသော် ထိုသိက္ခာပုဒ် ကို ရိုသေစွာကျင့်သော သင်္ဃာအပေါင်းအား လူတို့သဒ္ဓါ၍ လှူသောပစ္စည်းကိုခံ၍ အသက်မွေးခြင်းသည် အမှာ အာဇီဝ ဖြစ်သောကြောင့် ချမ်းသာစွာ နေရခြင်း၏ အကြောင်းဖြစ်၏။ ထိုသို့ ချမ်းသာစွာ နေစေခြင်း အကျိုး ငှာ သိက္ခာပုဒ်ကို ပညတ်တော်မူပေအံ့ဟူလိုသည်။

သိက္ခာပုဒ်တော်ကို ရိုသေစွာ မကျင့်သော အလဇ္ဇီပုဂ္ဂိုလ်၏ အလှူခံ၍ အသက်မွေးခြင်းသည် ဘုရားပစ္စည်းကိုခိုး၍သုံးဆောင်သောကြောင့် မိစ္ဆာဇီဝဖြစ်၏။ ထို့ကြောင့် ခိုးပြစ်နှင့်လျော်စွာ ရှည်မြင့်သော ညဉ့်နေ့ပတ်လုံး ဆင်းရဲငြိုငြင်စွာ နေရခြင်း၏အကြောင်းဖြစ်၏။

ဒုမ္မင်္ကူနံ ပုဂ္ဂလာနံ နိဂ္ဂဟာယ-ဟူသော ပါဠိဖြင့် သီလမရှိသော အလဇ္ဇီ ဒုဿီလပုဂ္ဂိုလ်တို့ကို နှိပ်ခြင်းငှာ သိက္ခာပုဒ်ကို ပညတ်တော်မူ၏ဟု ဟောတော်မူရာ၌ အဓိပ္ပာယ်ကား။....

သိက္ခာပုဒ်ကို မပညတ်သည်ရှိသော် ဘုရားအလိုတော်မရှိအပ်သော အမှုကို လွန်ကျူးပြုအပ်သော အလဇ္ဇီပုဂ္ဂိုလ်ကို လဇ္ဇီသူတော်ကောင်းတို့သည် ဆိုဆုံးမပါသော်လည်း အသင်တို့သည် အဘယ်သိက္ခာပုဒ်ကိုမြင်အပ်သနည်း။ အဘယ်ကြားအပ်သနည်း၊ ငါတို့သည် အဘယ်သိက္ခာပုဒ်ကို လွန်ကျူးခြင်းကို ပြုအပ်သနည်း၊ အဘယ်မည်သော ဝတ္ထု၌ အဘယ်အာပတ်ကို တင်၍ ငါတို့ကို နှိပ်ကုန်သနည်း။

ဤသို့ စသည်ဖြင့် ဆို၍ သံဃာကို ညှဉ်းဆဲကုန်လတ္တံ့။ သိက္ခာပုဒ်ကို ပညတ်တော်မူသည်ရှိသော် သံဃာတော်အပေါင်းသည် ထိုအလဇ္ဇီ ပုဂ္ဂိုလ်တို့အား သိက္ခာပုဒ်တော်ကို ပြ၍ ဤသိက္ခာပုဒ်ကို အသင်တို့ မမြင်အပ်သလော၊ မကြားဖူးသလော၊ ဤသို့ စသည်ဖြင့် ဆို၍ ပါတိမောက်တိုင်းသော ဝတ္ထု၌ ဘုရားအဆုံးအမတော် ဖြစ်သော စောဒနာသာရဏာ ဝိနည်းဖြင့် နှိပ်၍ ဆုံးမရလတ္တံ့၊ ထို့ကြောင့်

သီလ မရှိသော အလဇ္ဇီ ဒုဿီလပုဂ္ဂိုလ်တို့ကို နှိပ်ခြင်းငှာ သိက္ခာပုဒ်တော်ကို ပညတ်တော်မူပေ အံ့ ဟူလိုသည်။

ပညတ်တော်မူပြီးသော သိက္ခာပုဒ်ကို ရှိသေစွာ မကျင့်သော အလဇ္ဇီပုဂ္ဂိုလ်ကို နှိပ်အံ့သည်ကို မဆိုထားဘိ၊ မိမိကိုယ်ကိုပင် သူတစ်ပါးက နှိပ်ခြင်းကိုသာ ခံရတော့သည်။ ထို့ကြောင့် 'ဒုမ္မင်္ကူနံ ပုဂ္ဂလာနံ နိဂ္ဂဟာယ' ဟူသော အကျိုးကိုလည်း မရပြီဟု မှတ်အပ်၏။

ပေလာသနံ ဘိက္ခူနံ ဖာသုဝိဟာရာယ ဟူသော ပါဌ်ဖြင့် သီလကို ချစ်ကုန်သော ရဟန်းတို့အား ချမ်းသာစွာနေစေခြင်း အကျိုးငှာ သိက္ခာပုဒ်ကို ပညတ်တော်မူပေအံ့ဟု ဟောတော်မူရာ၌ အဓိပ္ပာယ်ကား—

သိက္ခာပုဒ်ကို ပညတ် တော် မ မူ သည် ရှိသော် လဇ္ဇီသူတော်ကောင်း ဖြစ်ကုန်သော ရဟန်းတို့သည် ပြုအပ်သော အမှု၊ မပြုအပ်သော အမှုကိုလည်း မသိနိုင်၊ အပြစ်ရှိသော အမှု၊ အပြစ်မရှိသော အမှုကိုလည်း မသိနိုင်။ သိက္ခာပုဒ်တော်တည်း ဟူသော တမ်း အပိုင်းအခြားကိုလည်း မသိမမြင်နိုင်ကုန်သည် ဖြစ်၍ သိက္ခာသုံးပါးကို အပြည့်အစုံဖြည့်ကျင့်ခြင်းငှာ အားထုတ်ကုန် သည် ရှိသော် စိတ်၏ လွန်စွာ ပင်ပန်းခြင်း နှောက်ကျခြင်းသို့ ရောက်ကုန်၏။

သိက္ခာပုဒ်ကို ပညတ်တော်မူသည်ရှိသော် ပြုအပ်သော အမှု၊ မပြုအပ်သောအမှုကိုလည်းကောင်း၊ အပြစ်ရှိသော အမှု၊ အပြစ်မရှိသောအမှု ကိုလည်းကောင်း၊ သိက္ခာပုဒ်

တော်တည်းဟူသော တမ်းအပိုင်းအခြားကိုလည်းကောင်း၊ သိမြင်ရပြီးသည်၏ အဖြစ်ကြောင့် သိက္ခာသုံးပါးကို အပြည့်အစုံ ဖြည့်ကျင့်ခြင်းငှာ အားထုတ်ကုန်သည်ရှိသော် စိတ်၏ ပင်ပန်းခြင်း နှောက်ယှက်ခြင်းသို့ မရောက်ကုန်။ ထို့ကြောင့် သိက္ခာပုဒ်ကို ပညတ်တော်မူခြင်းသည် ထိုလဇ္ဇီ သူတော်ကောင်းတို့၏ ချမ်းသာစွာ နေရခြင်း၏ အကျိုးငှာဖြစ်၏ ဟူလိုသည်။

သိက္ခာပုဒ်ကို ရှိသေစွာ မကျင့်သော အလဇ္ဇီ ပုဂ္ဂိုလ်သည်ကား သိက္ခာသုံးပါးကို ဖြည့်ကျင့်ခြင်းငှာ အားထုတ်ခြင်းသဘော မရှိသည်၏ အဖြစ်ကြောင့် ထိုပေသလာနံ ဘိက္ခုနံ ဖာသုဝိဟာရာယ ဟူသော အကျိုးကိုလည်း မရသည်သာလျှင်တည်း။

တစ်နည်းကား ပေသလာနံ ဘိက္ခုနံ ဖာသုဝိဟာရာယ ဟူသော ပါဌ်၌ အဓိပ္ပါယ်ကား

အလဇ္ဇီ ပုဂ္ဂိုလ်တို့ကို နှိပ်ခြင်းသည်ပင်လျှင် ထိုလဇ္ဇီ သူတော်ကောင်းတို့ ချမ်းသာစွာ နေရခြင်းသည် ဖြစ်၏။ အဘယ်ကြောင့်နည်း ဟူမူကား အလဇ္ဇီ ပုဂ္ဂိုလ်တို့ကို မှီ၍ ဥပုသ်ကံ ပဝါရဏာကံ တို့သည် မတည်ကုန်၊ အလုံးစုံသော သံဃာ့ကံတို့သည်လည်း မဖြစ်ကုန်။ လဇ္ဇီသူတော်ကောင်းတို့သည် များစွာသော ဘေးရန်တို့ဖြင့် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ ပါဠိသင်ခြင်း၊ အဋ္ဌကထာသင်ခြင်း၊ ကမ္မဋ္ဌာန်း ဘာဝနာပွားစေခြင်း အစရှိသည်တို့ကို အားထုတ်ခြင်းငှာ မတတ်နိုင်ကုန်။

အလဇ္ဇီပုဂ္ဂိုလ်တို့ကို နှိပ်အပ်ကုန်သည်ရှိသော်ကား ဆိုအပ်ပြီးသော ဤအလုံးစုံသော ဘေးရန်သည် မဖြစ်၊ ထိုသို့ ဘေးရန်မဖြစ်ခြင်းတည်းဟူသော အကြောင်းကြောင့် လဇ္ဇီရဟန်းကောင်းတို့သည် ချမ်းသာစွာ နေရကုန်၏။ ဤဆိုအပ်ပြီးသော နည်းဖြင့် ပေသလာနံ ဘိက္ခူနံ ဖာသုဝိဟာရာယ ဟူသော ပါဠိ၌ သိက္ခာပုဒ်ကို ပညတ်တော်မူခြင်း၏ အကျိုးကို နှစ်ပါးအပြားရှိ၏ဟု သိအပ်၏။

ဒိဋ္ဌဓမ္မိကာနံ အာသဝါနံ သံဝရာယ ဟူသော ပါဠိဖြင့် မျက်မှောက်သော ကိုယ်၏ အဖြစ်၌ဖြစ်သော ဆင်းရဲဒုက္ခအပေါင်းတို့ကို စောင့်ရှောက်ခြင်း အကျိုးငှာ သိက္ခာပုဒ်ကို ပညတ်တော်မူပေအံ့ဟု ဟောတော်မူရာ၌ အဓိပ္ပါယ်ကား—

သိက္ခာပုဒ်ကို ပညတ်တော်မမူသည်ရှိသော် ကိုယ်နှုတ်ကို မစောင့်ရှောက်သော အလဇ္ဇီပုဂ္ဂိုလ်သည် ပြုအပ်သော မကောင်းမှုရှိသည်ဖြစ်၍ မျက်မှောက်သောကိုယ်၏ အဖြစ်၌ လက်ဖြင့်ပုတ်ခတ်ခြင်း၊ လုံကံဖြင့် ပုတ်ခတ်ခြင်း၊ လက်ဖြတ်ခြင်း၊ ခြေဖြတ်ခြင်း၊ အကျော်အစောမဲ့ခြင်းဘေး၊ အခြံအရံမဲ့ခြင်းဘေး၊ နှလုံးမသာယာခြင်း အစရှိသော ဒုက္ခအထူးသို့ ရောက်လေကုန်၏။

ဤဆိုအပ်ပြီးသော ပစ္စက္ခ မျက်မှောက်၌ ရောက်အပ်သော ဆင်းရဲဒုက္ခအထူးတို့ကို စောင့်ရှောက်ခြင်းငှာ ရောက်လာခြင်း၏ အကြောင်းကို ပိတ်ပင်ခြင်းငှာ သိက္ခာပုဒ်ကို ပညတ်တော်မူပေအံ့ဟုလိုသည်။

သိက္ခာပုဒ်ကို ရှိသေစွာမကျင့်သော အလဇ္ဇီပုဂ္ဂိုလ်သည် ဆိုအပ်ပြီးသော လဇ္ဇီသူတော်ကောင်းတို့ ကဲ့ရဲ့ ပြစ်တင်ခြင်းဘေး၊ အကျော်အစောမဲ့ခြင်းဘေး၊ အခြံအရံ မဲ့ခြင်းဘေး၊ နှလုံးမသာယာခြင်းဘေး အစရှိသော ဒုက္ခဝိသေသတို့မှ မလွတ်မတင်းနိုင်သည်၏ အဖြစ်ကြောင့် ဒိဋ္ဌဓမ္မိကာနံ အာသဝါနံ သံဝရာယဟူ၍ ဟောတော်မူအပ်သော အကျိုးကိုလည်း မခံစားရပြီဟု မှတ်အပ်၏။

သမ္ပရာယိကာနံ အာသဝါနံ ပဋိဃာတာယ ဟူသော ပါဠိဖြင့် သံသရာဘဝ၌ ဖြစ်လတ္တံ့သော ဘေးဘျမ်းအပေါင်းကို ပယ်ဖျောက်ခြင်းငှာ သိက္ခာပုဒ်ကို ပညတ်တော်မူပေအံ့ဟု ဟောတော်မူရာ၌ သံသရာဘဝ၌ ဖြစ်လတ္တံ့သော ဘေးဘျမ်းမည်သည်ကား၊ သိက္ခာပုဒ်ကို မပညတ်သည်ရှိသော် ကိုယ်နှုတ်မစောင့်ရှောက်သော အလဇ္ဇီပုဂ္ဂိုလ်သည် ပြုအပ်သော မကောင်းမှုလျှင် အကြောင်းရင်းရှိကုန်သော နောင်သံသရာ ဘဝရေ စသည်တို့၌ ခံရအပ်ကုန်သော ဒုက္ခဝိသေသတို့သည် သမ္ပရာယိက အာသဝ မည်ကုန်၏။

ထို့ကြောင့် သံသရာဘဝ၌ ခံရလတ္တံ့သော ဒုက္ခအထူးတို့ကို ပယ်ဖျောက်၍ ငြိမ်းစေခြင်းငှာ သိက္ခာပုဒ်ကို ပညတ်တော်မူပေအံ့ ဟူလိုသည်။

ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို ရှိသေစွာ မကျင့်သော အလဇ္ဇီပုဂ္ဂိုလ်သည် နောင်သံသရာဘဝ၌ ငရဲစသည်တို့၌ ဒုက္ခကို ခံရလေသည့်၏အဖြစ်ကြောင့် သမ္ပရာ-

ယိုကာနံ အာသဝါနံ ပဋိဃာတာယဟူသော အကျိုးကို လည်း မရသည်သာလျှင်တည်း ဟု မှတ်အပ်၏။

အပ္ပသန္နာနံပသာဒါယ-ဟူသော ပါဌ်ဖြင့် မကြည်ညို ကုန်သေးသော သူတို့ကို ကြည်ညိုစေခြင်းငှာ သိက္ခာပုဒ်ကို ပညတ်တော်မူပေအံ့ဟူရာ၌ သိက္ခာပုဒ်ကိုပညတ်တော်မူသည် ရှိသော် ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကိုသိ၍ လည်း ကောင်း၊ ပညတ်တော်မူတိုင်း ကျင့်ကုန်သော ရဟန်းတို့ကို မြင်၍လည်းကောင်း၊ သာသနာတော်၌ မကြည်ညိုကုန် သေးသော ပညာရှိလူအပေါင်းတို့သည် လောက၌ များစွာ သောလူတို့၏ တပ်ခြင်း၊ နှစ်သက်ခြင်း၊ အမျက်ထွက် ခြင်း၊နှလုံးမသာယာခြင်း၊မိုက်မဲတွေဝေခြင်း၏ အကြောင်း ဖြစ်ကုန်သော အကြင်တရားတို့သည် ရှိကုန်၏။

သာကီဝင်မင်းသား ဘုရားသားတော် ဖြစ်ကုန်သော ဤရဟန်းတို့သည် ထိုတပ်ခြင်း၊ နှစ်သက်ခြင်း စသည့်တို့၏ အကြောင်းဖြစ်သော တရားတို့မှ ဝေးစွာ ကြဉ်ရှောင်၍ နေကြကုန်၏။ ပြုနိုင်ခဲသောအမှုကို ပြုကုန်သည်တကား။ ဝန်လေးစွာသောအမှုကို ပြုကုန်သည်တကားဟု နှလုံးသွင်း ၍ ကြည်ညိုခြင်းသို့ ရောက်ကုန်၏။

အဘယ်သူကဲ့သို့နည်းဟူမူကား....

ကတဝေဒီအမည်ရှိသော မိစ္ဆာဒိဋ္ဌိပုဏ္ဏားသည် ပေထက် အက္ခရာတင်အပ်သော ဝိနည်းပိဋကတ်ကိုမြင်၍ သာသနာ တော်၌ ကြည်ညိုခြင်းသို့ ရောက်သကဲ့သို့တည်း။ထို့ကြောင့်

မကြည်ညိုကုန်သေးသော သူတို့သည် ကြည်ညိုစေခြင်းငှာ သိက္ခာပုဒ်ကို ပညတ်တော်မူပေအံ့ဟူလိုသည်။

သိက္ခာပုဒ်ကို ရှိသေစွာမကျင့်သော အလဇ္ဇီပုဂ္ဂိုလ်ကိုကား ပညတ်တော်မူအပ်သော သိက္ခာပုဒ်တော်ကို လွန်ကျူးကျော်နင်း၍ ပြုကျင့်သည်ကိုမြင်သောအခါ မကြည်ညိုကုန်သေးသော သူတို့သည် မကြည်ညိုကုန်သည်သာလျှင်တည်း။ ထို့ကြောင့် အလဇ္ဇီပုဂ္ဂိုလ်တို့သည် "အပ္ပသန္နာနံ ပသာဒါယ" ဟူ၍ ဟောတော်မူအပ်သော အကျိုးကိုလည်း မရနိုင်ကုန်သည်သာလျှင်တည်း။

ပသန္နာနံ ဘိယျောဘာဝါယ–ဟူသော ပါဠိဖြင့် ကြည်ညိုကုန်ပြီးသောလူတို့အား ကြည်ညိုခြင်းကို လွန်စွာပွားစေခြင်းငှာ သိက္ခာပုဒ်ကို ပညတ်တော်မူပေအံ့ဟု ဟောတော်မူရာ၌ အဓိပ္ပာယ်ကား....

သာသနာတော်၌ ကြည်ညိုကုန်ပြီးသော အကြင်အမျိုးကောင်းသားတို့သည် ရှိကုန်၏။ ထိုအမျိုးကောင်းသားတို့သည် ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကိုသိ၍ လည်းကောင်း၊ ပညတ်တော်မူတိုင်း ကျင့်ကုန်သော ရဟန်းတို့ကို မြင်၍ သာကီဝင်မင်းသားဖြစ်ကုန်သော ဤရဟန်းတို့သည် အသက်ထက်ဆုံး နံနက်စာတစ်ထပ်သာ စားခြင်းကို လည်းကောင်း၊ သူယုတ်မာတို့၏ ဥစ္စာဖြစ်သော မေထုန်အကျင့်မှ ကြဉ်ရှောင်ခြင်းဟု ဆိုအပ်သော မြတ်သော အကျင့်ကို လည်းကောင်း၊ ဘုရားအဆုံးအမတော်ဖြစ်သော သံဝရသီလကို လည်းကောင်း အခါခပ်သိမ်း စောင့်ရှောက်ကြကုန်၏။

ထို့ကြောင့် ဘုရားတပည့်သားတော်ဖြစ်သော ဤအရှင်ကောင်းတို့သည် အံ့ဩဖွယ်ရှိစွ၊ ပြုနိုင်ခဲသောအမှုကို ပြုကြကုန်တကားဟု နှလုံးသွင်း၍ လွန်စွာ ကြည်ညို ကြကုန်၏။ ထို့ကြောင့် ကြည်ညိုကုန်ပြီးသော သူတို့အား လွန်စွာကြည်ညိုခြင်းကို ပွားစေတတ်သော သိက္ခာပုဒ်ကို ပညတ်တော်မူပေအံ့ ဟူလိုသည်။

သဒ္ဓမ္မဋ္ဌိတိယာ-ဟူသော ပါဌ်ဖြင့် သူတော်ကောင်းတရားကို ရှည်မြင့်စွာကာလပတ်လုံးတည်စေခြင်းငှာ သိက္ခာပုဒ်ကို ပညတ်တော်မူပေအံ့ဟူရာ၌ သူတော်ကောင်းတရားသည် ပရိယတ္တိသဒ္ဓမ္မ၊ ပဋိပတ္တိသဒ္ဓမ္မ၊ အဓိဂမသဒ္ဓမ္မ ဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ပိဋကတ်သုံးပုံဖြင့် သင်္ဂြိုဟ်ရေတွက်အပ်သော အလုံးစုံသော ဘုရားစကားတော်သည် ပရိယတ္တိသဒ္ဓမ္မမည်၏။

ဓုတင်တေရသ စုဒ္ဒသ ခန္ဓကဝတ် ရှစ်ဆယ့်နှစ်ပါးသော ဝတ်ကြီး စတုပါရိသုဒ္ဓိသီလ မဟာဂ္ဂုတ်သမ္မာဒိ ဝိပဿနာဘာဝနာ ဤတရားအပေါင်းသည် ပဋိပတ္တိသဒ္ဓမ္မမည်၏။

လေးပါးသော အရိယမဂ်၊ လေးပါးသော အရိယဖိုလ်၊ နိဗ္ဗာန်-ဤကိုးပါးသော လောကုတ္တရာတရားသည် အဓိဂမသဒ္ဓမ္မမည်၏။

အကြင်ကြောင့် သိက္ခာပုဒ်ကို ပညတ်တော်မူသည်ရှိသော် ရဟန်းအပေါင်းတို့သည် ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကိုလည်းကောင်း၊ ထိုသိက္ခာပုဒ်၏ ဝိဘင်းကို လည်း

ကောင်း၊ ထိုသိက္ခာပဒဝိဘင်း၏ အနက်ကို ပြတတ်သော တစ်ပါးသော ဘုရားစကားတော်ကို လည်းကောင်း၊ သင်ကြားလေ့ကျက် ရွက်ဆောင်ကြကုန်သည်ဖြစ်၍ ပရိယတ္တိသဒ္ဓမ္မကိုလည်း တည်စေကြကုန်၏။

ပညတ်တော်မူတိုင်းသော သိက္ခာပုဒ်ကို ဖြည့်ကျင့်ကြကုန်သည်ဖြစ်၍ ပဋိပတ္တိသဒ္ဓမ္မကိုလည်း တည်စေကြကုန်သည်။ ပဋိပတ္တိကို ဖြည့်ကျင့်သဖြင့် ရအပ်သော ကိုးပါးသော လောကုတ္တရာတရားကို ရကြကုန်သည်ဖြစ်၍ အဓိဂမသဒ္ဓမ္မကိုလည်း တည်စေကြကုန်သည်။ ထို့ကြောင့် ထိုသုံးပါးသော သူတော်ကောင်း တရားတို့သည်လည်း သိက္ခာပုဒ်တော်ကို ပညတ်တော်မူခြင်းဖြင့် ရှည်မြင့်စွာ ကာလပတ်လုံး တည်၏။

ထို့ကြောင့် သူတော်ကောင်းတရားသုံးပါးကို ရှည်မြင့်စွာ ကာလပတ်လုံး တည်စေခြင်းငှာ သိက္ခာပုဒ်ကို ပညတ်တော်မူပေအံ့ဟူလိုသည်။

ပညတ်တော်မူပြီးသော သိက္ခာပုဒ်ကို ရှိသေစွာ မကျင့်သော အလဇ္ဇီပုဂ္ဂိုလ်သည် ထိုသိက္ခာပုဒ်ကို သင်ပင် ဆောင်သော်လည်း သူတော်ကောင်းတရား သုံးပါးကို ရှည်မြင့်စွာ ကာလပတ်လုံး တည်စေခြင်းငှာ သင်သည်မဟုတ်၊ သူတော်ကောင်းတရားကို ဖျက်ဆီးခြင်းငှာ သင်သည်သာ မည်၏။ ထို့ကြောင့် သဒ္ဓမ္မဋ္ဌိတိယာ-ဟု ဟောတော်မူအပ်သော အကျိုးကိုလည်း မရသည်သာတည်းဟု မှတ်အပ်၏။

ဝိနယာနုဂ္ဂဟာယ–ဟူသော ပါဌ်ဖြင့် ဝိနည်းကို ချီးမြှောက်ခြင်းငှာ သိက္ခာပုဒ်ကို ပညတ်တော်မူပေ့ဒဲ့ဟု ဟောတော်မူရာ၌ ဝိနည်းမည်သည်ကား– သံဝရဝိနည်း၊ ပဟာနဝိနည်း၊ သမထဝိနည်း၊ ပညတ္တိဝိနည်းဟူ၍ လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင် သီလသံဝရ၊ သတိသံဝရ၊ ဉာဏသံဝရ၊ ခန္တိသံဝရ၊ ဝီရိယသံဝရဟူ ဆိုအပ်သော ငါးပါးသော သံဝရတရားသည် ကာယဒုစရိုတ်၊ ဝစီဒုစရိုတ်၊ မနောဒုစရိုတ်တို့ကို ထိုက်သည့်အားလျော်စွာ စောင့်ရှောက်တတ် ပယ်ဖျောက်တတ်သော အနက်ကြောင့် သံဝရဝိနည်းမည်၏။

ဝိက္ခမ္ဘနပဟာန်၊ တဒင်္ဂပဟာန်၊ သမုစ္ဆေဒပဟာန်၊ ပဋိပဿဒ္ဓိပဟာန်၊နိဿရဏပဟာန်ဟု ဆိုအပ်သော ငါးပါးသော ပဟာန်သည်လည်း ထိုကာယဒုစရိုတ်၊ ဝစီဒုစရိုတ်၊ မနောဒုစရိုတ်ကို စွန့်တတ် ပယ်ဖျောက်တတ်သော အနက်ကြောင့် ပဟာနဝိနည်းမည်၏။

သမထဝိနည်းဟူသော်ကား ခုနစ်ပါးသော အဓိကရဏသမထပင်တည်း။ ပညတ္တိဝိနည်း ဟူသော်ကား ဝိနည်းသိက္ခာပုဒ်ပင်တည်း။

ဤလေးပါးသော ဝိနည်းတရားတို့ကို ချီးမြှောက်ခြင်းငှာ သိက္ခာပုဒ်ကို ပညတ်တော်မူအံ့ ဟူလိုသည်။

ပညတ်တော်မူသော သိက္ခာပုဒ်တော်ကို ရှိသေစွာမကျင့်သော အလဇ္ဇီ ဒုဿီလပုဂ္ဂိုလ်သည် ထိုလေးပါးသော

ဝိနည်းတရားတို့ကို ချိုးဖြောက်ခြင်းငှာ မတတ်နိုင်သည်သာ လျှင်တည်း။ ထို့ကြောင့် ဝိနယာနုဂ္ဂဟာယဟူသော အကျိုး ကိုလည်း မရှုဟု မှတ်အပ်၏။

ဤပါဠိတော်ကို အမှီပြု၍ သိက္ခာပုဒ်တော်ကို ရိုသေစွာ ကျင့်သော ပုဂ္ဂိုလ်သည် ခံစားအပ်သော ဆယ်ပါးသော အကျိုးတရားတို့ကိုသိအပ်၏။ ထိုမှပြန်သောအားဖြင့် သိက္ခာ ပုဒ်ကို ရိုသေစွာ မကျင့်သော အလဇ္ဇီ ဒုဿီလ ပုဂ္ဂိုလ်တို့ သည် ရအပ်သော အာဒီနဝအပြစ်ကိုလည်း အပ်၏။

ဤသို့ဆိုအပ်ပြီးသော သိက္ခာ ပျက်စီးခြင်း၏ အာဒီနဝ အပြစ် သီလကို ဖြူစင်စွာ သုတ်သင်၍ ကျင့်ခြင်း၏ အာ နိသံသ အကျိုးဆက်တို့ကို အသင့်အားဖြင့် နှလုံးသွင်း၍ ထိုအရပ်ရပ် ကျမ်းဂန်သာတိုင်း ဆုံးဖြတ်ခဲ့ပြီးသော သိက္ခာ ပုဒ်ကျင့်ဝတ်များကို ကောင်းမွန်အောင် ထိန်းသိမ်းစောင့် ရှောက် ကျင့်ဆောင်နိုင်မှ သာသနာတော်တွင်း၌ ဒါယကာ တို့ လှူသော စွည်းကိုခံ၍ သုံးဆောင်ထိုက်မည်။

သို့အားမကျင့်၊ ဆဒ္ဒန်ဆင်မင်းကို သတ်မည် သွားစဉ် သောကိုကြောက် ၊ ရဟန်းအသွင်ကိုယူသော သောနုတ္တိုရ် မုဆိုး၊ လာဘ်ကိုလို၍ ရဟန်းအသွင်ကို ယူသည့် ဒိဋ္ဌိ စသော သူတို့ကဲ့သို့ ဝမ်းဝ ချမ်းသာ တစ်သက်လျှောက်သောင့်၍ ဒါ ယကာတို့ အလှူကို ခံကာ ခံကာ ပျော်ပါးမေ့လျော့၍ သမ္မာဒ္ဓပဋိကုဍ္ဍ ဘုရား စက်ဆုပ်တော်မူသော ဒုစာရိတ္တ အကျင့်ယုတ်ကို ပြုကျင့်လျက် စားသောက် နေထိုင်လျှင် စင်စစ် အလဇ္ဇီဖြစ်၍ မီးကျီးစု၊ သံတွေခဲ၊ သံလျက်သွား

အတူ လောင်ပွဲ စူးရှမှန်းမသိ၊ လောင်ပွဲ စူးရှလျက် ဘဝ ရှည်လျားအံ့သောအကြောင်းဖြစ်မည်ကို ထောက်၍ လည်း ကောင်း၊ သာသနာတော်ဟွင်း၌ မှိုခိုပြီးလျှင် မာလော နွယ်ကဲ့သို့ အမြိုကိုဖျက်သော ရဟန်းဖြစ်မည်ကို ထောက်၍ လည်းကောင်း။

ထိုရဟန်းတို့ကို အားပေးအားမြှောက်ပြု၍ ကိုးကွယ် လှူဒါန်းသူတို့လည်း အဆိပ်သီးကို အဖိုးအများပေး၍ ဝယ်ယူသုံးဆောင်သော သူကဲ့သို့ ပစ္စုပ္ပန်သံသရာ ပျက်စီး ဆုံးရှုံး၍ နာကျင်မည်ကို ထောက်၍လည်းကောင်း၊ ဤသို့ သော အကြောင်းဖြင့် သာသနာတော် အလျင်အမြန် ဆုတ် ယုတ် ကွယ်ပျောက်သဖြင့် အလုံးစုံသော လောကဝတ်၌ အမိုက်အတိသာ ဖြစ်မည်ကို မျှော်ထောက် ဆင်ခြင်၍ လည်းကောင်း၊ အလဇ္ဇီတို့ အမှုအရာ အကျင့်များကို ပယ် နိုင် ခွာနိုင် စောင့်ရှောက်နိုင်အောင် ကြိုးစား၍ ပယ်ခွာ စောင့်ရှောက်တော်မူကြကုန်။

"တကာတော် လှူဒါန်းသည့် စာတော်၌ ပါ တိုင်းသော သိက္ခာပုဒ်တို့ကို အမြဲ နှလုံးသွင်းကြ ကုန်သည်ဖြစ်၍ ဒါယကာတို့ကိုလည်း သနားကြ ကုန်၊ မိမိကိုယ်ကိုလည်း အသင့် နှလုံးသွင်း၍ ချစ်ကြကုန်။ မြတ်စွာဘုရား ရှေးချက်နှာဘောင်ကို လည်း ထောက်၍ သာသနာတော် စည်ပင်ထွန်း လင်းအောင် ကျင့်ဆောင်တော်မူကြကုန်။

မကျင့်ဆောင်နိုင်လျှင် လူဝတ်လဲ၍ လူတို့ စောင့်ရှောက် ကျင့်ဆောင်မြဲ ဒါန သီလ စသော ကုသိုလ်တရားကို အားထုတ်၍ သဂ္ဂမောက္ခ နတ်ရွာ နိဗ္ဗာန်နိုခရီးကို သုတ်သင်ကြကုန်။

သာသနာတော် ဆူးငြောင့်တံသင်း သာသနာတော်ရန်သူ သာနကစဝရ အမိုက်သဖွယ် ဖြစ်၍ မနေကြကုန်လင့်၊ သာသနာတော် အကျိုးစီးပွား ဖြစ်ထွန်းအောင်သာ ကောင်းမွန်စွာ ကျင့်ဆောင်တော်မူကြစေကုန်သတည်း။”

သဗ္ဗညုမြတ်စွာဘုရား မဟာပရိနိဗ္ဗာန် စံယူတော်မူသည့်နောက် မကြာမြင့်မီ အရှင်အာနန္ဒာမထေရ်သည် ရာဇဂြိုဟ်ပြည်၌ နံနက်အခါ ဆွမ်းခံဝင်သည်ရှိသော် အလွန်စောသေး၏ဟု ဂေါပကမောဂ္ဂလာနပုဏ္ဏားအိမ်သို့ ဝင်၍နေစဉ်ဝဿကာရ ပုဏ္ဏားသည်လည်း ရှင်အာနန္ဒမထေရ်ကို မေးလျှောက်၏။

အကြာယ်သို့ မေးလျှောက်သနည်း၊....၊

“ရှင်အာနန္ဒာ....အရှင်ဘုရားတို့၏ ဆရာ ဂေါတမသည် မဟာပရိနိဗ္ဗာန် စံယူတော်မူခါနီးသော ကာလ၌ အလုံးစုံသော တပည့် သံဃာတော်တို့၏ ကိုးကွယ်ရာ ဖြစ်စေခြင်းငှာ တစ်စုံတစ်ယောက်သော မထေရ်ကြီးဖြစ်သော ရဟန်းကို ဆရာအရာ၌ တင်၍ အပ်နှံထားခဲ့လေသ”ဟုမေးလျှောက်၏။

ထိုအခါ ရှင်အာနန္ဒာမထေရ်သည်....

"ပုဏ္ဏား....မြတ်စွာဘုရားတည်အပ်နှံထားခဲ့သော ဆရာမည်သည် မရှိ"

ဟု ဆို၏။

ထိုအခါ ဝဿကာရပုဏ္ဏားသည်....

"စေ ဝံ အပ္ပဋိသရဏေစ ပန သော အာနန္ဒာ ကောဟေတု သာမဂ္ဂိယာတိ ပုစ္ဆော သမာနော"

ဟူသော ပါဠိဖြင့်....

"အရှင်အာနန္ဒာ....မြတ်စွာဘုရားသည် အပ်နှံခဲ့သော ကိုးကွယ်ရာ ဆရာမရှိဘဲလျက် ဘုရားတပည့် သားတော်ဖြစ်ကုန်သော အရှင်ဘုရားတို့၏ ဆရာဘုရားရှိစဉ် ကာလကဲ့သို့ ညီညွတ်ခြင်း၏ အကြောင်းကား အဘယ်နည်း"

ထိုအခါ အရှင်အာနန္ဒာမထေရ်သည်....

"နခေါ မယံ ဗြာဟ္မဏ အပ္ပဋိသရဏာ၊ အပ္ပဋိ သရဏာ မယံ ဗြာဟ္မဏ ဓမ္မပ္ပဋိသရဏာတိ ဝဒေသိ"

ဟူသော ပါဠိဖြင့်....

"ပုဏ္ဏား၊ ငါတို့သည် ကိုးကွယ်ရာမရှိသည် မဟုတ်ကုန်၊ ကိုးကွယ်ရာရှိသည်သာ ဖြစ်ကုန်၏၊ ပုဏ္ဏား.... ငါတို့သည် တရားသာလျှင် ကိုးကွယ်ရာရှိ၏"ဟု ဆို၏။

ထိုအခါ ဝဿကာရပုဏ္ဏားသည်-

"ဣမဿ ပန ဘော အာနန္ဒာ ဘာသိတဿ ကထံ အတ္ထော ဒဋ္ဌဗ္ဗောတိ။"ဟူသော ပါဠိဖြင့်....

“ရှင်အာနန္ဒာ၊ မြတ်စွာဘုရားသည် အပ်နှံခဲ့သော ကိုးကွယ်ရာဆရာ ရှိပါသလော”ဟု မေး၊လျှင် မရှိဟု ဆို၏။ တစ်ဖန် “ဆရာမရှိဘဲလျက် ဆရာရှိစဉ်ကာလကဲ့သို့ ညီညွတ်သော အကျင့်စာရိတ္တဖြစ်ခြင်း၏ အကြောင်းတား အဘယ်နည်း”ဟု မေးပြန်သည်ရှိသော် “ပုဏ္ဏား၊ ငါတို့သည် ကိုးကွယ်မရှိသည်မဟုတ်၊ ကိုးကွယ်ရာ ရှိကုန်၏၊ ပုဏ္ဏား၊ ငါတို့သည် တရားသာလျှင် ကိုးကွယ်ရာရှိကုန်၏”ဟု ဆိုပြန်၏။ “ဤသို့ဆိုအပ်သော စကား၏ အကျယ်ဖြစ်သော အနက်ကို အဘယ်သို့ သိရအံ့နည်း”ဟု မေး၏။

ထိုအခါ ရှင်အာနန္ဒာမထေရ်သည်-

“အတ္ထိ ခေါ ဗြဟ္မဏ တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာ သမ္ဗုဒ္ဓေန သိက္ခာပဒံ ပညတ္တံ၊ ပါတိမောက္ခံ ဥဒ္ဒိဋ္ဌံ၊ တေမယံ တဒဟု ပေါသထေ ယာဝတိကာ ဧကံ ဂါမခေတ္တံ ဥပနိဿာယ ဝိဟာရာမ တေသဗ္ဗေ ဧကဇ္ဈံ သန္နိပတာမ၊ သန္နိပတိတွာ ယဿတံ ပဝတ္တတိ၊ တံ အဇ္ဈေသာမ၊ တသ္မိံ စေ ဘညမာနေ ယောဘိက္ခုဿ အာပတ္တိ၊ ဟောတိ ဝီတိက္ကမော၊ တံ မယံ ယထာ ဓမ္မံ ယထာ နုသိဋ္ဌံ ကာရေမာတိ။ န ကိရ နော ဘဝန္တော ကာရေန္တိ၊ ဓမ္မော နော ကာရေတိ။”

ဟူသော ပါဠိဖြင့် ဖြေ၏။

အဓိပ္ပာယ်သော်ကား–

"ပုဏ္ဏား၊ အလုံးစုံသော တရားအပေါင်းကို အကြွင်းမရှိ သိမြင်တော်မူပြီးသော မျက်စိမြင် ငါးပါးရှိစေတော်မူသည်ဖြစ်၍ သိမြင်အပ်သောအလုံးစုံသောတရားအပေါင်းတို့ကို အကြွင်းမရှိ သိမြင်တော်မူပြီးသော ဆိုတိကွယ်ရာအရပ်၌ တစ်ရံတစ်ဆစ်မျှ မကောင်းမှုကိုပြုတော်မမူပြီးသော မဖောက်မပြန် ကိုယ်တော်တိုင်သာလျှင် ဥဒ္ဒေယျဓိတရားငါးပါး၌ အကျုံးဝင်သော အလုံးစုံသော တရားအပေါင်းတို့ကို အကြွင်းမဲ့ သိမြင်တော်မူပြီးသော ထိုမြတ်စွာဘုရားသည် ပညတ်တော်မူအပ်သော သိက္ခာပုဒ်ဟု ဆိုအပ်သော လခွဲတစ်ကြိမ် မချွတ်အပ်တော ပါတိမောက် အမည်ရှိသော တရားဒေသနာတော်သည် ရှိ၏၊

ထို ငါတို့အလုံးစုံသော သင်္ဃာတော်အပေါင်းတို့သည် ဥပုသ်နေ့တိုင်း ရောက်သောအခါ၌ အကြွင်းမျှလောက် အတိုင်းအရှည် ရှိကုန်သော ရဟန်းတို့သည် တစ်ခုသော ဓါမခေတ်ကို ဆွမ်းခံအမှီပြု၍ နေကြကုန်၏။ ထိုအလုံးစုံသော ရဟန်းတို့သည် တစ်ပေါင်းတည်းပြု၍ တစ်ခုသော လျောက်ပတ်သောအရပ်၌ စည်းဝေးပြီး၍ အကြွင်ရဟန်းအား ထိုပါတိမောက်မည်သော ဒေသနာသည် နှုတ်တက်၏၊ ထိုရဟန်းကို ပြစေခြင်းငှာ ဟိုက်တွန်းကုန်၏။

ထိုရဟန်းသည် ပါတိမောက်ကို ရွတ်ပြသည်ရှိသော် အကြွင် တစ်စုံတစ်ယောက်သော ရဟန်းအား အရင်းမပြတ် ကုစဉ်းအောင်းသော သိက္ခာပုဒ်ကို လွန်ကျူးခြင်းသည်

ရှိ၏။ ထိုရဟန်းကိုငါတို့အလုံးစုံသော သင်္ဃာတော်အပေါင်းတို့သည် ပါဠိတော်လာတိုင်း ဘုရား အဆုံးအမတော်နှင့် လျော်စွာ ကုစားကုန်၏။

ထိုသို့ ကုစားခြင်းကို ပြုခြင်းသည် ဘုန်းတော် ၆ ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားတို့သည် မပြုလာကုန်။ ပါတိမောက္ခဒေသနာပေါ်သည်သာလျှင် ငါတို့အား ကုစားခြင်းကို ပြုပေ၏။ ထို့ကြောင့် ငါတို့သည် ကိုးကွယ်ရာမရှိသည် မဟုတ်ကုန်၊ ဟုတ်ရားသာလျှင် ကိုးကွယ်ရာရှိကုန်၏၊ လူနတ်တို့၏ ဆရာဖြစ်တော်မူသော ဘုရားရှင် သက်တော်ထင်ရှား ရှိတော်မူစဉ်ကာလကဲ့သို့ ညီညွတ်သော အယူဝါဒ သိက္ခာသီလရှိသည်ဖြစ်၍ နေကြကုန်၏။”ဟု မိန့်တော်မူ၏။

ဤသို့ ဥပရိပဏ္ဏာသ ပါဠိတော်လာ ရှိသည်နှင့်အညီ ယခုအခါ သိက္ခာ ၃-ပါးကို ဖြည့်ကျင့်ခြင်းငှာ အလိုရှိကုန်သော သဒ္ဓါပဗ္ဗဇိတ ကုလပုတ္တ အမျိုးကောင်းသားတို့သည် သင့်ရာသင့်ရာ တစ်ခုခုသော ရွာနိဂုံး၊ ဇနပုဒ်၌ အညီအညွတ် စည်းဝေးပြီးလျှင် ပါတိမောက်ပြခြင်းငှာ စွမ်းနိုင်သော ဗျတ္တိပဋိဗလနှင့်ပြည့်စုံသော ပါတိမောက္ခုဒ္ဒေသက ရဟန်းတို့ကို တိုက်တွန်း၍ အလှည့်အလည် ပါတိမောက်ကိုပြစေ သဖြင့် သုတ္တုဒ္ဒေသဥပုသ်ကို ပြုကြစေ၊ ပြုသည်၏ အဆုံး၌လည်း သိက္ခာပုဒ်တော်နှင့် မလျော် မလျောက်ပတ် မသင့်တင့်၊ ရဟန်းတို့၏ အမူအရာမဟုတ် မကျင့်အပ်သော အမှုကို လွန်ကျူးပြုကျင့်သောသူကို ဒိဋ္ဌသုတပရိသင်္ကိတ မကောင်း

မသော ပုဂ္ဂိုလ်ဘို့က ကာလေန ဝက္ခာမိနေ့ာအကာလေန-စသော တရားငါးပါးကို မပျက်စေသဖြင့် စောဒနာ၍ သုတ်သင်ကြစေ၊ ပါတိမောက်ကို ပြရာ၌လည်း—

> န ဘိက္ခဝေ အသတိ အန္တရာယေ သံခိတ္တေန ပါတိမောက္ခံ ဥဒ္ဒိသိတဗ္ဗံ၊ ယော ဥဒ္ဒိသေယျ၊ အာပတ္တိ ဒုက္ကဋဿ။ အနုဇာနာမိ ဘိက္ခဝေ သတိ အန္တရာယေ သံခိတ္တေန ပါတိမောက္ခံ ဥဒ္ဒိသိတုံ။ တတြိမေ အန္တရာယာ ရာဇန္တရာယော စောရန္တရာယော အဂ္ဂျန္တရာယော ဥဒကန္တရာယော မနုဿန္တရာယော အမနုဿန္တရာယော ဝါဠန္တရာယော သရီသပန္တရာယော ဇီဝိတန္တရာယော ဗြဟ္မစရိယန္တရာယောတိ။

ဟူ၍ ဟောတော်မူသောကြောင့် အန္တရာယ်ဆယ်ပါးတို့တွင် တစ်ပါးပါးမရှိဘဲလျက် သံခိတ္တမပြအောင်း မှတ်ကြရမည်။ ပါတိမောက္ခုဒ္ဒေသက ရဟန်းတို့တွင်လည်း ပါဠိလျောက်အဓိပ္ပာယ်ကို လျော်ကန်စွာ မေး၍ရသော ပုဂ္ဂိုလ်တို့ကို တကာတော်အား ကြားတော်မူကြပါ။ တကာတော်ဏ ဓမ္မပူဇာဖြင့် ချီးမြှောက်လိုပါသည်။ ထို့ထက်အလွန် ပါတိမောက်နှစ်စောင် ခုဒ္ဒသိက္ခာ ကုလဒူသကဝိနိစ္ဆယ အနုဝိဇ္ဇကကိစ္စ ဤစာငါးစောင်တို့ကို ဆောင်၍ သာသနာတော်ကို ထွန်းလင်းစေတတ်သော ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်တို့ကို

လည်း စာရင်းယူ၍ တထာတော်အား ကြားတော်မူကြပါ၊ တတော့တော်တ ဓမ္မဓရပုဂ္ဂိုလ်တို့အား ဓမ္မပူဇာ ပြုပါအံ့။

"ပု-ဓိ-အာ-နှင့်ပြည့်စုံလို၏"

၁၃၄၀-ခု၊ ကဆုန်လပြည့်ကျော်
(၈)ရက်နေ့၊ ပေမူမှ ကူးယူပြီးစီးသည်။

---

| | | |
|---|---|---|
| မူရင်း မိတ္တူပေ | .... | ကိုးကြောင်းရေး ပေမူ။ |
| ချပ်ရေ | .... | ပေ(၁၅)ချပ်။ |
| ပြီးနှစ် | .... | ကူးပြီးခုနှစ် ရေးထိုးမထားပါ။ |
| ကျမ်းပြုသူ | .... | ကျမ်းပြုသူ မရေးထိုး၊<br>ရွှေကျင်ဆရာတော်ဟု ယူဆ၏။ |
| တွေ့ရှိခဲ့ရာဌာန | .... | စစ်ကိုင်းတိုင်း၊ မြင်းမူနယ် ကနီတော်ရွာ၊ ဆင်ဦးနှိမ် တောရကျောင်း။ |
| တွေ့ရှိသူ | .... | မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ဝါးတန်းကျောင်း၊ ဦးပဏ္ဍဝ။ |

ကုလဒူသကဝိနိစ္ဆယ

## ကိုးကားကျမ်းများ


၁။ ဝိနယပါရာဇိက ပါဠိတော်။
၂။ ဝိနယပါစိတ္တိယ ပါဠိတော်။
၃။ ဝိနယမဟာဝဂ္ဂ ပါဠိတော်။
၄။ စူဠဝဂ္ဂ ပါဠိတော်။
၅။ ပရိဝါ ပါဠိတော်။
၆။ ဝိနယသင်္ဂဟ ပါဠိတော်။
၇။ ဝိနယာလင်္ကာရပါဌ်။
၈။ သီလက္ခန္ဓ ပါဠိတော်။
၉။ မဇ္ဈိမပဏ္ဏာသ ပါဠိတော်။
၁၀။ ဥပရိပဏ္ဏာသ ပါဠိတော်။
၁၁။ အင်္ဂုတ္တရ ပါဠိတော်။
၁၂။ အဘိဓမ္မာဝိဘင်္ဂ ပါဠိတော်။
၁၃။ မဟာနိဒ္ဒေသ ပါဠိတော်။
၁၄။ စူဠနိဒ္ဒေသ ပါဠိတော်။
၁၅။ မိလိန္ဒပဉှာ ပါဠိတော်။
၁၆။ ဝိနယမဟာဝဂ္ဂ အဋ္ဌကထာ။
၁၇။ ဝိနယစူဠဝဂ္ဂ အဋ္ဌကထာ။

၁၈။ သီလက္ခန္ဓ အဋ္ဌကထာ။

၁၉။ ဥပရိပဏ္ဏာသ အဋ္ဌကထာ။

၂၀။ သုတ္တနိဒ္ဒေသအဋ္ဌကထာ။

၂၁။ ခုဒ္ဒကပါဌ အဋ္ဌကထာ။

၂၂။ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ။

၂၃။ ဝိမတိ ဝိနောဒနီ ဋီကာ။

၂၄။ သာရတ္ထဒီပနီဋီကာ။

၂၅။ ဝိဘင်္ဂမူလဋီကာ။

၂၆။ ခုဒ္ဒသိက္ခာဋီကာဟောင်း။

၂၇။ ခုဒ္ဒသိက္ခာဋီကာသစ်။

၂၈။ ဥပရိပဏ္ဏာသဋီကာ။

၂၉။ အင်္ဂုတ္တရဋီကာ။

## ရွှေကျင်ဆရာတော်ဘုရားကြီး၏

## ကောသလမင်း အိပ်မက် ၁၆-ချက်

ဇေယတု

၁။ ဥသဘလွှေးကောင်း၊ ချိုသွေးယောင်း၊ စောင်ရှုံ
ခါမျှပြေး။
မိုး ရိပ် တိမ် တောင်၊ တက်၍ မှောင်၊ ချုံးရောင်
ခါမျှဝေး။

၂။ ပေါ်စနူနယ်၊ သစ်ပင်ငယ်၊ မဖွယ်သီးပွင့်တုံးအရိုး။
လုံမသူငယ်၊ ဆယ်နှစ်ရွယ်၊ ချုံကွယ်လူနှင့်
ဘပြုံးပြုံး။

၃။ ဖွားစနူနယ်၊ နွားသူငယ်၊ မွေးမယ်နို့စို့တကိုးကိုး။
ဆိုမည်ဝေါက်ငန်း၊ ကြန်းတမ်းကြောက်ဖွယ်၊ သမီး
ငယ်၊ မယ်အိုကြောက်ချော့ တပြုံးပြုံး။

၄။ နွားအိုနွားငယ်၊ ဇက်ရင်းတယ်၊ ကြီးကျယ်နွားတို့
ဇက်ဖျဲ့ားရှုန်း။
သက်မျိုနိုနယ်၊ ပညာငယ်၊ ဘုန်းကြွယ်မှူးမတ် ရာထူး
သုဥ်း။

၅။ ဇောင်းတော်မြင်းများ၊ ဖြစ်အလား၊ ရွှေစားနောက်စား မလောက်နိုင်။
လွှတ်တော်မင်းဘုရား၊ တံစိုးစား၊ တရားနှစ်ဖက် မပျောက်နိုင်။

၆။ ရွှေလင်ပန်းတွင်၊ ဂဏ္ဍာစင်၊ ငင်ခါ မြေခွေးပေါ် နှင့်ပြန်း။
အမျိုးသန့်စင်၊ လုံမခင်၊ လူမြင်တိုင်းနှင့် တလျှမ်းလျှမ်း။

၇။ ကြိုးလွန်ကျစ်ပါ၊ ပြီးတိုင်းသာ၊ ဝင်ခါမြေခွေး စား၍ ဖြုန်း။
လင်ကြီးလုပ်စာ၊ လင်ငယ်ပါ၊ ကွယ်ရာသူတင်း မယ်မင်းသုံး။

၈။ ရေပြည့်အိုးထဲ၊ လပ်မစဲ၊ သူလဲငါလဲထပ်၍လောင်း။
တပြည်လုံးပူ၊ ကြွက်ကြွက်ဆူ၊ ငွေဖြူဘုန်းကြောင့် လက်တော်ဆောင်း။

၉။ အနားကြည်ကြည်၊ အလယ်နောက်၊ ဖြိုးမောက် ရေကန်ကြီး။
ကြေးခွဲငွေယူ၊ ခွန်တော်ပူ၊ ကိုင်းသူချက်မ ပျက်ပြုန်း တီး။

၁၀။ မနပ်တစ်ခြမ်း၊ နပ်တစ်ခြမ်း၊ ထူးဆန်းထမင်းအိုး။
တင်ပိုင်းမအောင်၊ တစ်ပိုင်းအောင်၊ မိုးခေါင် စပါးမျိုး။

၁၁။ စန္ဒနသားရုံ၊ ဖိုးသိန်းတန်၊ ပုပ်နံ့ရက်တက်ရေနှင့်လောင်း။

ထိုက်တန်မင်္ဂလိုလ်၊ တရားကို၊ ခင်ပျို ဝမ်းစာကြောင်း။

၁၂။ ကျောက်ဖျာရေပေါ်၊ ပေါ်လောပေါ်၊ မဇော်ဖြစ်ထူးဆန်း။

အလဇ္ဇီခေါ် ရဟန်းကျော်၊ လူပေါ်တက်၍လွှမ်း။

၁၃။ မဖြစ်စကောင်း၊ ဖြုံပြန့်ရှောင်း၊ ဘူးတောင်း ရေနစ်သွား။

ပညာကြီးကျယ်၊ အသွယ်သွယ်၊ လူငယ်မထွန်းကား။

၁၄။ မြွေဟောက်ကြီးကျယ်၊ ကြောက်မက်ဖွယ်၊ ဖားငယ်ကျွတ်ကျွတ်ဝါး။

ဆိုဆိုဆဲဆဲ၊ မယားမဲ၊ ကြဲ၍လင်ခစား။

၁၅။ ရွှေဟင်္သာပေါင်း၊ အုပ်သောင်းသောင်း၊ ခညောင်းကျီးယုတ်ထံ၊ ကျိုင့်တန်ဆိုးရွား၊ မင်းထံပါး၊ ဝတ်တား ပညာဝန်။

၁၆။ လိုက်မည်ဟန်ဆောင်၊ ဆိတ်တစ်ကောင်၊ ရှုထောင်သစ်ကျား ပြန်ပြောင်းကြောက်။

မင်းကျွမ်းပူးပေါင်း၊ ရှင်ကြမ်းထောင်၊ သူတောင်းရဟန်း ကြောက်၍ပျောက်။

ကောသလမှန်၊ နရိန္ဒ၊ ဘုန်းလျှံ ဝင်းဝင်းတောက်

သောင်ဌသကာ၊ သုပိန်၊ ညဥ့်ရုံလင်းမိုးသောက်။

သုံးလူထွဋ်တင်၊ ဘုရားရှင်၊ ဆောလျင်သွား၍လျှောက်။

မုနိထွဋ်ထား၊ မြတ်ဘုရား၊ ဟောကြားဤသို့ ဆောက်။

ရွှေကျောင်တွင်ခေါ်၊ ဆရာတော်၊ ထုတ်ဖော်ဤသံပေါက်။

အိပ်မက်အပြား၊ ဆယ့်ခြောက်ပါး၊ ရေးသားအပြီးရောက်။

၁၂၆၅-ခု၊ တပို့တွဲလ။

မှတ်ချက်။ ။ ယင်းကောသလမင်း အိပ်မက် ၁၆-ချက်ကို ကိုးခြောင်းရေး ပေမူမှ ကူးယူထားခြင်း ဖြစ်ပါ၏။

“၁၂၆၅-ခု၊ တပို့တွဲလ” ဆိုသည်မှာ ပေစာကူးပြီးနှစ်လတို့ဖြစ်ကြောင်းရှင်းလင်းပါ၏။

(ပု-ဒိ-အာနှင့် ပြည့်စုံရပါလို၏။)

# ဓမ္မဒါန ကုသိုလ်ရှင်များ

[ရွှေကျင်ဆရာတော်၏ ကုလဒူသဏ ဝိနိစ္ဆယကျမ်း၊တစ်အုပ်လျှင် ၁၂-ကျပ် (တင်ဆယ့်နှင်ကျပ်) ထုတ်မှုတ်၍ ဓမ္မပူဇာ အနေဖြင့် ဓမ္မဒါန ပြုကြပါသည်။]

| အမည် | နေရပ် | လှူဒါန်းစာအုပ် |
|---|---|---|
| ၁။ ဆရာတော် ဦးကုမာရ(ဒုတိယတိုက်အုပ်) | မြတောင်စာသင်တိုက်၊ ပန်းတနော်မြို့။ | ၄၅အုပ်၊ |
| ၂။ ဆရာတော် ဦးရေဝိန္ဒ၊ | ချမ်းသာကြီးကျောင်း၊ ပန်းတနော်မြို့။ | ၃၀အုပ်၊ |
| ၃။ ဆရာတော် ဦးအာဒိစ္စ(ဒွေးလွှင် ဆားလင်းကြီး) | တောင်ပေါ်ကျောင်း၊ ဆားလင်းကြီးမြို့။ | ၁၀အုပ်၊ |
| ၄။ ဆရာတော်ဦးဝိလာသဂ္ဂ၊(ဖျာပုံကျောင်း) | ၇-ရပ်ကွက်၊ ဖျာပုံလှမ်း၊ မြောက်ဒဂုံ။ | ၅ ။ |

၅။ ဒေါ်ခင်သန်း၊ (ဆယ်ဿန်းပုံနှိပ်တိုက်)
အမှတ်-၁၆၅၊ ဗိုလ်ချုပ်လမ်း၊ အခန်း-၂၊
၄၅-လမ်းထောင့်၊ ရန်ကုန်မြို့။ ၁၀၀ ။

၆။ မိဘများဖြစ်ကြသော
ဦးခင်မောင်၊ ဒေါ်တင်တင်တို့ကို ရည်စူး၍၊
ကျန်ရစ်သူ ညီအစ်ကိုမောင်နှမတစ်စုဆောင်းမှု၊
၈၃၊ ၃၂-၃၃ လမ်းကြား၊ ဂုံန္တန်ရပ်၊
မန္တလေးမြို့။ ၁၀၀ ။

၇။ ဦးမိုးကြည်+ဒေါ်လှရွှေ မိသားစု၊
၁၂/က၊ ဖိုးစိန်လမ်း၊ ရန်ကုန်မြို့။ ၁၀၀ ။

၈။ သခင်ခင်ညွှန့်၊ စာပေလောကစာအုပ်တိုက်
မိသားစု၊ ၃၃-လမ်း၊ ရန်ကုန်။ ၂၅ ။

၉။ ဦးထွန်းမှိုန်(နတ်မောက်ထွန်းရှိန်)၊
ဒေါ်မြမြ မိသားစု၊ ၈၆-လမ်းနှင့်
လမ်း ၂၀ ထောင့်၊ မန္တလေးမြို့။ ၂၀ ။

၁၀။ ဦးမောင်မောင်လင်း–ဒေါ်ဥမ္မာလွင်၊
သား စည်သူလွင်(တော်ဝင်ပိုးတွဲလုံချည်)
ချိပါရပ်၊ ရွှေဘိုမြို့။ ၂၀ ။

၁၁။ ကိုကျော်စွာဝင်း (ပထမနှစ်အဝေးသင်)
အမှတ်-၁၁၊ ၈၃-လမ်း၊ ၁၈-၁၉လမ်းကြား၊
မန္တလေးမြို့။ ၂၀ ။

၁၂။ ဒေါ်တင်တင်သန့် မိသားစု
၁၂/က၊ ဖိုးစိန်လမ်း၊ ရန်ကုန် ၂၀ ။

၁၃။ သူရိယ ဦးသန့်မောင် (ဒေါ်မြမြသန့်)
မိသားစု၊ ၁၂/မိုးကောင်းဘုရားလမ်း ၂၀ ။

၁၄။ ဦးကျော်ထွန်း၊ ဒေါ်အေးမြင့် မိသားစု
၂၃၃ အေ၊ ခန်း-၁၅၊ ရန်ကင်း ၂၀ ။

၁၅။ ဦးကျော်ခင်မြင့် ဒေါ်ခင်စိန် မိသားစု
(စိန်ရတနာဆိုင်) ၁၃၄၊ ရွှေဘုံသာလမ်း၊
ရန်ကုန် ၁၀ ။

၁၆။ ဦးအောင်(မြင်းခြံ) ဒေါ်သောင်းသောင်း
မိသားစု
၂၄၇၊ ၄၉ လမ်း၊ ဗိုလ်တထောင်၊ ရန်ကုန် ၁၀ ။

၁၇။ ဦးမြတ်ထူး(မောင်ရင်မွှေး)မိသားစု
မန္တလေးမြို့ ၁၀ ။

၁၈။ ဦးမြင့်နိုင်(တက္ကသိုလ်မြင့်နိုင်)မိသားစု
ရွှေမန်းအမေအေးဆိုင်၊ ဆေးရုံကြီးတောင်ဘက်
မန္တလေးမြို့ ၁၀ ။

၁၉။ (မမွေးသောသတ ဦးမောင်မောင်
ဒေါ်ဒေါ်သန်းတို့အားရည်စူး၍) ဦးညိုလုံး
သမာဓိကဖိုး မိသားစု
ပုစွန်တောင်ဈေး၊ ရန်ကုန် ၁၀ ။

၂၀။ ဦးမျိုးသန့် (အိုလံပစ်ပြန်၊ အမှုဆောင်
မန္တလေးအသင်း)မိသားစု၊ ရန်ကုန်မြို့။ ၁၀ ။

၂၁။ ဖခင်ကြီး (ဦးသန်းဘွေအား ရည်စူး၍)
ဖခင်ကြီးနှင့်သမီးမသိကာ၊ စိုးဒေဝီ၊
နံ့သာ (စပယ်အော့ဖ်ဆက်)မိသားစု ၀၀ ။

၂၂။ ဗိုလ်မှူးဇော်ထွန်း+ဒေါ်မြကျင် မိသားစု၊
ခြံ-၄/ခ၊ ရွှေသစ္စာလမ်း၊ ကံဘဲ့၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၀ ။

၂၃။ (ဒေါ်အမာတင်အား ရည်စူး၍)၊
ဦးမြသန်း မိသားစု၊ ပန်းဆိုးတန်း၊
မန္တလေးမြို့။ ၁၀ ။

၂၄။ ဦးကိုးမြင့်+ဒေါ်ခင်စန်းရီ၊ ဆိုင်းတန်း၊
မန္တလေးမြို့။ ၁၀ ။

၂၅။ ဦးသန့်ငွေး(က-ည-န)ဒေါ်ခင်မေသန်း
မိသားစု၊ နန်းရွှေ၊ မန္တလေးမြို့။ ၃၀ ။

၂၆။ ဆရာဦးမျိုးမြင့်+ဒေါ်ခင်ဝင်း မိသားစု၊
ဗေဒါမိကုန်း၊ မန္တလေးမြို့။ ၁၀ ။

၂၇။ ဦးစိုင်းကျော်အေးဝင်း+ဒေါ်နန်းချစ်စိန်၊
ရွှေပြဲမင်း မိသားစု၊ မန္တလေးမြို့။ ၁၀ ။

၂၈။ ဦးသောင်း+ဒေါ်စောကြည် မိသားစု၊
ဗေဒါမိကုန်း၊ မန္တလေးမြို့။ ၁၀ ။

၂၉။ ဦးလှမောင်+ဒေါ်ကြည် မလှန်၊
ဆန်းလျက်တန်း၊ မန္တလေးမြို့။ ၁၀ ။

၃၀။ ဦးခင်မောင်စိုး+ဒေါ်ခင်အေး မိသားစု၊
ဗေဒါမိကုန်း၊ မန္တလေးမြို့။ ၁၀ ။

၃၁။ ဆရာချိုးမာဂန် (ဆ-ည-န)
ဒုတိယညွှန်ကြားရေးမှူး၊ ရုံးချုပ်၊
ရန်ကုန်မြို့။ ၅၀ ။

၃၂။ ဦးဝင်းနိုင်–ဒေါ်ညိုညို ၈၆-လမ်း၊
ပွဲစားတန်း၊ မန္တလေးမြို့။ ၁၀ ။

၃၃။ ကိုဖြိုးတင့်–မမေစိထွန်း၊ ဈေးကုန်းရပ်၊
၁၉-လမ်း၊ မန္တလေး။ ၁၀ ။

၃၄။ ဒေါက်တာသက်လွင်–တင်မမထွန်း၊
ဈေးချို၊ မန္တလေး။ ၁၀ ။

၃၅။ ကိုအောင်ကျော်ထွေး အေးလွင် မမထွန်း၊
ကျွဲဆည်ကန်၊ ၀-လမ်း၊ မန္တလေး။ ၁၀ ။

၃၆။ ဒေါ်ညွန့်ရီ၊ သမီး သော်မော်မိုး၊
သား မင်း၊ ခဟော်ပိုး၊ ၁၉၁(ပ,ယာ ၁၀ ။

၃၇။ ဦးအောင်ခိုင်-ဒေါ်တင်ကြည် မိသားစု၊
နွယ်နီ ၁-လမ်း၊ မ/ဥက္ကလာပ ၁၀ ။

၃၈။ တက္ကသိုလ်ဟန်ဝင်းအောင်–
(စာရေးဆရာ)၊ဒေါ်မြကြွေ၊ သမုတ်၊
မြိတ်မြို့။ ၁၀ ။

၃၉။ (ဒေါ်ညွန့်ညွန့် ဒေါ်တင်တင်)ခြံအမှတ်–၅၊
ဖိုးစိန်လမ်း။ ၁၀ ။

၄၀။ ဦးမောင်မောင်ဌေး၊ သမီး ဒေါ်ခင်ဆွေသွင်၊
အမှတ်-၅၊ ဖိုးဗိန်လမ်း။ ၁၀ ။

၄၁။ ဆရာရိသား(ခ)မသီတာအေး အား
ရည်စူး၍၊ အစ်ကို ကိုလာလူး၊ မနီလာမ်
မိသားစု၊ ဒုတိယထပ် စီရုံ-၆၄၊
တတိယထပ် ဆေးရုံ ဂ၊ ဈေးချိုသစ်၊
မန္တလေးမြို့။ ၁၀ ။

၄၂။ မဇင်ဇင်ဝင်း(ဒုတိယနှစ်၊ ဂုဏ်ထူးတန်း ရူပဗေဒ)
အမှတ်-၁၁၊ ဂ၃-လမ်း၊ ၁ဂ-၁၉လမ်းကြား၊
မန္တလေးမြို့။ ၁၀ ။

၄၃။ ကိုကျော်ဦး(သမိုင်း)
အမှတ်-၁၁၊ ဂ၃-လမ်း၊ ၁၈-၁၉လမ်း၊
မန္တလေးမြို့။ ၁၀ ။

၄၄။ ကိုခင်မောင်ဌေး(ကမ္ဘာသစ်ထီဆိုင်)
အမှတ် ၅၄/၆၊ အကွက်(၁၆)၊ ရွာသစ်ရပ်၊
နန်းရှေ့ မန္တလေးမြို့။ ၁၀ ။

၄၅။ ခင်မြဝင်း။ အမှတ် ၄၆၅၊ ပတ္တမြားလမ်း၊
ဒဂုံတောင်ပိုင်း စဝအုပ်

၄၆။ ဦးကိုကိုဝင်း ဒေါ်လှလှအေး။
(ဒဂုံရေဒီယိုဆားဗစ်)၊ ငါးမျက်နှာ
ဘုရားလမ်း၊ ဟင်္သာတမြို့။ ၀၀ ။

၄၇။ မဝါဝါ မဖြူဖြူ ညီအစ်မနှစ်ဦး
၁၂/က၊ ဖိုးစိန်လမ်း ၁၀ ။

၄၈။ ဦးအောင်ကြည် ဒေါ်ဇိန်စိန် မိသားစု
၁၅၊ ဝိဇ္ဇာညီနောင်လမ်း၊ ၉ မိုင်၊
မရမ်းကုန်း၊ ရန်ကုန်။ ၈၀ ။

၄၉။ ဦးတင်မြင့် ဒေါ်နီနီ မိသားစု
၁၀/၁၃ နတ်မောက်ရိပ်သာ၊ ဖိုးစိန်လမ်း၊
ရန်ကုန် ၈၀ ။

၅၀။ ဦးအေးမြင့် (ဒုဥက္ကဋ္ဌ၊ မန္တလေးအသင်း)
၂၇၊ တောင်ညွန့် ဖို့မြေ၊ ရန်ကုန် ၁၀ ။

၅၁။ လင်းယုန်မောင်မောင် (စာရေးဆရာ)
မိသားစု။
၁၂၊ ရွှေဂုံတိုင်လမ်း၊ တာမွေအဝိုင်း၊
ရန်ကုန်မြို့ ၁၀ ။

၅၂။ စာရေးဆရာကြီး ဦးရန်အောင် မိသားစု
ရန်တင်း၊ ရန်ကုန် ၁၀ ။

၅၃။ စာရေးဆရာကြီး ဦးသုခ မိသားစု
ပါရမီ၊ ရန်ကုန် ၁၀ ။

၅၄။ ဦးကျော်မြင့် (ဦးစီးအရာရှိ၊ စာပေဗိမာန်) ၁၀ ။

၅၅။ ဦးတင်လှိုင် မိသားစု
(ခြံအမှတ် ၃၀)၊ ၁၃၃ လမ်း၊ မအူကုန်း၊
ရန်ကုန် ၁၀ ။

၅၆။ ဦးခင်လှအောင် (မဏိဇောတစာပေ)
ဒေါ်အေးနွဲ့မိသားစု
ဗိုလ်ချုပ်ရပ်ကွက်၊ ဗဟန်း ရန်ကုန် ၁၀ ။

၅၇။ ဦးမောင်မောင်ကြီး (အတွင်းရေးမှူး၊
မန္တလေးအသင်း)။ ၅၁-လမ်း ၁၀ ။

၅၈။ (ဦးညွန့်ရီ) ဒေါ်တင်လှမိသားစု
၆၃၀၊ ဘုန်းကြီးလမ်း၊ လမ်းမတော် ၃၀ ။

၅၉။ ကျောင်းစုံနှိပ်တိုက်မိသားစု
မ/ဥက္ကလာပ။ ၁၀ ။

၆၀။ ဒေါ်သက်မြတ်အေး၊ သား အောင်မြတ်ထွဋ်
၁၉၊ ဖိုးစိန်လမ်း ၁၀ ။

၆၁။ ဦးချိုယွန်း
၁၀၀၊ နတ်မောက်လမ်း၊ (ဂျပန်သံရုံး) ၁၀ ။

၆၂။ ဒေါ်ကံမိသားစု၊
အမှတ်-၁၂၊ အကွက် ၄ ၊
မင်္ဂလာဥယျာဉ်၊ နန်းရွှေ၊ မန္တလေး ၁၀ ။

၆၃။ (သခင်ချစ်ထူး—ဒေါ်ဒေါ်လှ) မိသားစု
အမှတ်-၃၇၄၊ ဂ-လမ်း၊ မန္တလေးမြို့ ၁၀ ။

၆၄။ ဦးတော်(အမရပူရ)မိသားစု၊
စံပြ အိမ်ရာတိုက်သစ် ၅၃၊ အမှတ်-၁၀၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ ၁၀ ။

၆၅။ ဒေါ်ကြာမောင်မောင်နိုင် အမှတ်( )
ဓမ္မာရုံလမ်း၊ ဆန်တော်လေး၊ ရန်ကုန်မြို့။ ၁၀ ။

၆၆။ ဒေါ်ခင်သန်းလွင်၊ ဒေါ်မြင့်မြင့် ညီအစ်မ၊
၃၇-လမ်းအထက်၊ ရန်ကုန်မြို့။ ၁၀ ။

၆၇။ (ဦးတင်ရွှေ)–ဒေါ်အုန်းကြည် မိသားစု၊
၃၇၁၊ ၇-ရပ်ကွက်၊ တောင်ငူလမ်းသွယ်၊
ဒဂုံမြောက်ပိုင်း။ ၁၀ ။

၆၈။ မောင်သိန်းထွန်း မစိန်မြင့်၊ ကိုသန်းမောင်
မတင်လှ၊ ကိုကြည်ဝင်း မစန်းစန်း၊
ကိုဝင်းထိန်၊ ကိုမြင့်ဦး မမြသန်း၊ ဒေါ်ခင်ရီ ၇ ။

၆၉။ ဒေါက်တာဦးမောင်မောင်စိုး–
ဒေါ်တင်တင်နု မိသားစု၊ အမှတ်-၂၊
ဗညားဒလလမ်း၊ မင်္ဂလာတောင်ညွန့်၊
ရန်ကုန်။ ၅ ။

၇၀။ ဦးမြင့်စန်းဟတ် ဒေါ်နွေးနွေး။
ဗန်းကောက်မြို့ (ယိုးဒယားနိုင်ငံ) ၅ ။

၇၁။ ဦးခင်မောင်ညို (စာပေစိစစ်) ၅ ။

၇၂။ ဦးကီရှင် ဒေါ်နွဲ့။ ဗဟန်းဈေး၊ ဗဟန်း ၅ ။

၇၃။ မောင်ထွန်းအောင် မသိန်းကြည် မိသားစု
ဗဟန်း ၅ ။

၇၄။ ကြောင်ကြောင်မိသားစု၊ ဗဟန်းဈေး၊ ဗဟန်း၊
ရန်ကုန် ၅။

၇၅။ ဦးစိန်ရွှေ(စိန်ရွှေလှိုင်အယ်ဒီတာ) မိသားစု
၂၅၊ အနီသာလမ်း၊ ဘောက်ထော်၊ ရန်ကုန် ၅။

၇၆။ ကိုညွန့်ဝင်း မတင်တင်ပင်း မိသားစု
၇၊ ရပ်ကွက်၊ ဒဂုံမြောက် ၅။

၇၇။ ဦးအေးချို ဒေါ်အေးမြင့် မိသားစု
-ရပ်ကွက်၊ ဖျာပုံလမ်း၊ ၃၀၇(ခ)၊
ဒဂုံမြောက် ၅။

၇၈။ (ပန်းချီ) သမြေဆွေမြင့် မဒွေးဒွေးဝင်း
ရန်ကင်း အုပ်

ဒေါက်တာ သန်းထွန်း

# ရွှေကျင်နိကာယသမိုင်း

[ အင်္ဂလိပ်-မြန်မာ ]

* ဂျပန်ပြည် တိုကျိုတက္ကသိုလ်

* မြန်မာပြည် ရန်ကုန်ဆေးတက္ကသိုလ် လိမ်ခုံးခန်းမ

* မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်
(ရွှေကျင်နိကာယ ဗဟိုဌာန)

* အမရပူရမြို့၊ မဟာဂန္ဓာရုံတိုက် တို့တွင်

ရဟန်းပညာရှင်၊ လူပညာရှင်များ ရှေ့မှောက်၌ တင်ပြလျှောက်ထားဖတ်ကြားခဲ့၍ ကောင်းချီးနှုတ်မော် သာဓုခေါ်ခဲ့ကြပြီး ထူးခြားရှားပါးလှသော သာသနာရေးဆိုင်ရာ မှတ်တမ်းကြီး။

မကြာမီ ထွက်ပါမည်။